# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၆၇)၊ ၁၃၈၇ ခုနှစ် ၊ တော်သလင်းလဆန်း ၉ ရက် ၊ ၃၁-၈-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping နှင့် တွေ့ဆုံဆွေးနွေးစဉ်။

## ယခုတွေ့ဆုံဆွေးနွေးမှုမှသည် နှစ်နိုင်ငံအကြား ကောင်းမွန်သည့်ဆက်ဆံရေးကို ပိုမိုအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်ရေးကို အမြဲထောက်ခံရပ်တည်အားပေးလျက်ရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping

နေပြည်တော် ဩဂုတ် ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် တီယန်ကျင်းမြို့ရှိ တီယန်ကျင်းဧည့်ဂေဟာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၃ သို့ ✻

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၃၀

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ **ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ **ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ **ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဓလ**

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၃၁ ရက်၊ တနင်္ဂနွေနေ့။

## အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိ

MSME ကဏ္ဍတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စွန့်ဦးတီထွင်မှုများ ဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် Naypyitaw State Polytechnic University သင်တန်းခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်က တက္ကသိုလ်သမိုင်းအကျဉ်း၊ ဘာသာရပ်အလိုက် သင်ခန်းစာများလေ့ကျင့်သင်ကြားပေးနေမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွန့်ဦးတီထွင်မှုများတွင် တက္ကသိုလ်အနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် MSME ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့်ဆက်စပ်သည့်လုပ်ငန်းများကို အဓိကထားစဉ်းစားရန်လိုကြောင်း၊ MSME များအနေဖြင့် မိမိတို့၏ စိုက်ပျိုးရေးဆိုင် ရာအားသာချက်များကို အခြေခံပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့်လုပ်ငန်းများကို ဆောင်ရွက်ကြမည်ဆိုပါက ကျေးလက်စီးပွားရေးကို များစွာတိုးတက်လာစေမည်ဖြစ်ကြောင်း၊ နေ့စဉ် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်နိုင်ရန် MSME များကို အားပေးခြင်းဖြင့် သွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်များကို ဦးစားပေးစေနိုင်ပြီး နိုင်ငံ့ထုတ်လုပ်မှုကို အားပေးမှုမျိုး ဖြစ်လာမည်ဖြစ်ကြောင်း၊ Polytechnic University များ၏ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများသည် MSME များအတွက် စီးပွားရေး အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ခြင်း၊ ဈေးနှုန်းချိုသာသော နည်းပညာဖြေရှင်းချက်များ ထောက်ပံ့ပေးခြင်း၊ စီမံခန့်ခွဲမှုနှင့် ဈေးကွက်ရှာဖွေရေးအတွက် အထောက်အကူပြုခြင်းစသည့် အကျိုးကျေးဇူးများ ရရှိကြောင်း၊ Polytechnic University များသည် နိုင်ငံတကာတွင် MSME များနှင့် သုတေသနအဖွဲ့အစည်းများ ချိတ်ဆက်ပေါင်းစည်းရာမှ ဆန်းသစ်တီထွင်နိုင်မှု၊ စွမ်းဆောင်ရည်တိုးတက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို အထူးအကျိုးရှိစေသကဲ့သို့ မြန်မာနိုင်ငံရှိ Naypyitaw State Polytechnic University သည်လည်း မြန်မာ့ MSME များကို သုတေသန၊ နည်းပညာနှင့် စီးပွားရေးဈေးကွက်တို့နှင့် ချိတ်ဆက်ပေါင်းစည်းပေးသည့် အဆင့်မြင့်စနစ်တစ်ရပ်ကို ဖော်ဆောင်နိုင်ရေး၊ MSME များနှင့် တက္ကသိုလ်များ၊ သုတေသနဌာနများ၊ စက်မှုဇုန်များ၊ နိုင်ငံတကာမိတ်ဖက်များ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့တွင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က Naypyitaw State Polytechnic University တွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဝန်ကြီးဌာနများနှင့် MSME လုပ်ငန်းများတွင် စာတွေ့သာမက လက်တွေ့လေ့လာသင်ယူမည့် အခွင့်အလမ်းများ၊ ရရှိလာမည့် အသိပညာ၊ အခွင့်အလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

စက်မှုဝန်ကြီးဌာန အနေဖြင့် MSME ကဏ္ဍတွင် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စွန့်ဦးတီထွင်မှုများ ဆောင်ရွက်နိုင်ရေးတို့တွင် Naypyitaw State Polytechnic University နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ဥပဒေရေးရာဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ



**မန္တလေး ဩဂုတ် ၃၀**

ဥပဒေရေးရာဝန်ကြီးဌာန၏ (၄)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ အစီအစဉ်(၃)ရပ်ဖြင့် ကျင်းပခဲ့သည်။

ပထမပိုင်းအစီအစဉ်တွင် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သစ္စာမဏ္ဍိုင်ကျောင်းတိုက် နာယကဆရာတော် အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်နော်သန်းသန်းငြိမ်းနှင့် ခရိုင်နှင့်မြို့နယ် ဥပဒေအရာရှိများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခြင်း၊ အရုဏ်ဆွမ်းဆက်ကပ်ခြင်းများ ပြုလုပ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်အရ ရုံးရှေ့မျက်နှာစာတွင် ဥပဒေရေးရာ ဝန်ကြီးဌာနနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို မိုးပျံပူဖောင်းများ လွှတ်တင်ဖွင့်လှစ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တတိယပိုင်းအစီအစဉ်အရ အစည်းအဝေးခန်းမတွင် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားခြင်း၊ ဥပဒေရေးရာဝန်ကြီးဌာန၏ လှုပ်ရှားမှုဗီဒီယိုမှတ်တမ်းပြသခြင်း၊ အမှတ်တရ ကံစမ်းမဲများနှိုက်ခြင်းနှင့် စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

နှစ်ပတ်လည်နေ့အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်၊ အမရပူရခရိုင်၊ သပိတ်ကျင်းခရိုင် ဥပဒေရုံးများနှင့် ယင်းတို့၏ခရိုင်များ အတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်းများ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀-၀

၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးမည်

**မန္တလေး ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးမည်ဖြစ်သည်။



သက်သာဈေးရောင်းချမည့် အစီအစဉ်ကို စက်တင်ဘာ ၁ ရက်တွင်အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ ၁ လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်(ဓ-၁)မွှာရုံ၊ ၆၁လမ်းနှင့် ၁၁၁လမ်းထောင့်တို့တွင်လည်းကောင်း၊ စက်တင်ဘာ ၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၇၂လမ်း၊ လမ်း ၃၀နှင့် ၃၁လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၃လမ်းထောင့်တို့တွင်လည်းကောင်း၊ စက်တင်ဘာ ၃ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်း၊ တက္ကသိုလ်လေ့ကျင့်ရေးရှေ့နှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုမွှာရုံ၊ အ·ထ·က(၁) အနောက်ဘက်လမ်းတို့တွင်လည်းကောင်း၊ စက်တင်ဘာ ၄ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက်(ဖ-၁၀)၊ ၅၇ လမ်းနှင့် ၁၁၂(A)လမ်းထောင့်တွင်လည်းကောင်း၊ စက်တင်ဘာ ၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ၇၂လမ်း၊ မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ် ၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီး လုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး ညီလာခံသည် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည့် အလေးထားရသော ညီလာခံဖြစ်

☆ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ် မေလတွင် SCO ၏ ဆွေးနွေးဖက်နိုင်ငံဖြစ်လာပြီး အစည်းအဝေးများ စတင်တက်ရောက်ခဲ့

☆ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ထောက်ခံပေးစေလို

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

☆ မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ဆောက်မှုများကိုလည်း ထောက်ခံပြီး မြန်မာပြည်သူလူထုဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးကို ခိုင်မာစွာရပ်တည်လျက်ရှိ

☆ နှစ်နိုင်ငံ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် အတိုင်း ဆက်လက်ရပ်တည်ဆောင်ရွက်သွားမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping

❋ ရှေ့ဖုံးမှ

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌအား တရုတ်ပြည်သူ့သမ္မတ နိုင်ငံသမ္မတက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

### တက်ရောက်

ထို့နောက် တွေ့ဆုံပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးချစ်ဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်မောင်ဆွေ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့်အတူ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က ယခုကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation - SCO SUMMIT 2025)နှင့် တရုတ်ပြည်သူများ၏ ဂျပန် ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ် ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့တက်ရောက်အသိအမှတ်ပြုသည့်အတွက်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် SCO အဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံဖြစ်ပြီး ဖက်ဆစ်တော်လှန်ရေးတွင်လည်း ပါဝင်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ တရုတ်နှင့် မြန်မာသည် ခိုင်မာသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်ရေးကို အမြဲထောက်ခံရပ်တည်အားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ဆောက်မှုများကိုလည်း ထောက်ခံပြီး မြန်မာပြည်သူလူထုဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံအေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးကို ခိုင်မာစွာ ရပ်တည်လျက်ရှိကြောင်း၊ နှစ်နိုင်ငံ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်အတိုင်း ဆက်လက် ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေး ပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံအနေဖြင့် ဖက်ဆစ်အား ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် စတင်တော်လှန်ခဲ့ကြောင်း၊ မြန်မာ့တပ်မတော်၏ တပ်မတော်နေ့ကို ဖက်ဆစ်အား တော်လှန်ခဲ့သည့် မတ်လ ၂၇ ရက်ကိုသတ်မှတ်ခဲ့ပြီး ၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်နေ့၌ နှစ်(၈၀)ပြည့် အခမ်းအနားကို ကျင်းပခဲ့ကြောင်း၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေး ညီလာခံသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည့် အလေးထားရသော ညီလာခံဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ် မေလတွင်SCO ၏ ဆွေးနွေးဖက်နိုင်ငံ ဖြစ်လာပြီး အစည်းအဝေးများ စတင်တက်ရောက်ခဲ့ကြောင်း၊ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာစေရေး တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ထောက်ခံပေးစေလိုကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးမှုမှသည် နှစ်နိုင်ငံအကြား ကောင်းမွန်သည့် ဆက်ဆံရေးကို ပိုမိုအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ OBOR စီမံကိန်းနှင့် မြန်မာစီးပွားရေးစင်္ကြံ(CMEC)၌ ပါဝင်သည့် စီမံကိန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝသယံဇာတများအား အကျိုးရှိစွာ အသုံးပြုနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ မန္တလေးငလျင်ကြီးနှင့်ပတ်သက်၍ အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာမျက်နှာစာ၌ တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် ထောက်ခံအားပေး ရပ်တည်ချက်အပေါ် အထူးအလေးထားမှုနှင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးပိုမိုအရှိန်မြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ဒီဇင်ဘာလ ၂၈ ရက်နေ့၌စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ထားသည့် အခြေအနေများနှင့် ပတ်သက်၍ကျယ်ပြန့်စွာဆွေးနွေးကြသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက ဆွေးနွေးပြောကြားရာတွင် ၂၀၂၅ ခုနှစ် မေလတွင် မော်စကိုမြို့၌ တရုတ်၊ မြန်မာ ခေါင်းဆောင်နှစ်ဦးတွေ့ဆုံဆွေးနွေးစဉ် သဘောတူညီခဲ့သည့် ဆက်လက် ဆောင်ရွက်ရန်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး၌ ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကို ဆန့်ကျင်မှု၊ တရုတ်-မြန်မာ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံ၏ အပြုသဘောဆောင်သော ရပ်တည်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ နိုင်ငံတကာမျက်နှာစာ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတို့၌ မြန်မာနိုင်ငံအနေဖြင့် သိက္ခာမြင့်မားစွာရပ်တည်နိုင်ရေး ကိစ္စရပ်များအား ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့သည်။

### ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး


ထို့နောက် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် ပြင်ဆင်နေမှုများအပေါ် တရုတ်နိုင်ငံ၏ ထောက်ခံအားပေးမှုနှင့် သံတမန်ရေးရာအရ ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ SCO အဖွဲ့ဝင် နိုင်ငံအဖြစ် ထောက်ခံပေးမည့် အခြေအနေများ၊ နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာ ဌာနများအလိုက် ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်ပြီး အပြန်အလှန် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘော ခရီးသွားရောက်ရန် အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်မှထွက်ခွာကြရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအဖွဲ့မှ သဘာဝအရင်းအမြစ်ရေးရာဝန်ကြီးဌာန ဝန်ကြီး Mr. Guan Zhiou နှင့်တာဝန်ရှိသူများက တီယန်ကျင်းမြို့ Binhai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးချစ်ဆွေ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် တီယန်ကျင်းမြို့ Binhai အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံအစိုးရအဖွဲ့မှ သဘာဝအရင်းအမြစ်ရေးရာဝန်ကြီးဌာန ဝန်ကြီး Mr. Guan Zhiou၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်ဇော်နိုင် တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

**နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆို**

လေဆိပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့နှင့် ယဉ်ကျေးမှုအကအဖွဲ့တို့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေး ခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)တွင် ဆောင်ရွက်လျက်ရှိသည့် ရေနံချက်စက်ရုံစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) ရာပြည့်အခမ်းအနားအတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေနှင့် ရေနံချက်စက်ရုံစီမံကိန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ရှင်းလင်းဆောင်တွင် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) ရာပြည့်အခမ်းအနားအတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နှစ်(၁၀၀)ပြည့်မြောက်သည့်အချိန်သည် လူတိုင်းကြုံတွေ့ရနိုင်သည့် အခွင့်အလမ်းမရှိပါကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်သည့်အချိန်တွင် ရာပြည့်အခမ်းအနားနှင့် တိုက်ဆိုင်စွာကြုံတွေ့ရသည့်အတွက် အကောင်းမွန်ဆုံးနှင့် အောင်မြင်အောင် တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း မှာကြားပြီး ရာပြည့်အခမ်းအနားအတွက် ရှေးမူမပျက်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် ဧည့်ရိပ်သာ၊ Club House၊ စွမ်းအင်ပြတိုက်ပြုလုပ်သွားမည့် ပင်မအဆောက်အအုံနှင့် စက်ရုံဝင်းအတွင်း သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ နည်းပညာပိုင်းဆိုင်ရာ အကြံပေးအဖွဲ့တို့ကိုတွေ့ဆုံ၍ လက်ရှိစက်ရုံအသစ်သည် ယခင်စက်ရုံများထက် နည်းပညာပိုမိုမြင့်မားသည့်အတွက် စက်ရုံရှိဝန်ထမ်းများအနေဖြင့်လည်း အဆိုပါနည်းပညာများအား လေ့လာမှတ်သားသင်ယူကြပြီး မျိုးဆက်သစ်များကို လက်ဆင့်ကမ်းပညာအမွေပေးအပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းအား သတ်မှတ်ထားသည့်ကာလအတိုင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် စက်ရုံရာပြည့်အထိမ်းအမှတ်အခမ်းအနားတို့အတွက် ဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)၏ ရေနံချက်စက်ရုံစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)အတွက် ရေနံစိမ်းနှင့် ရေနံထွက်ပစ္စည်းများသယ်ယူမည့် ပိုက်လိုင်းလမ်းအူကြောင်းအတွင်း ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပိုက်လိုင်းသွယ်တန်းရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)တွင် ပထမအဆင့်အနေဖြင့် တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် ငါးသိန်း ချက်လုပ်နိုင်သော Modular Type စက်ရုံအား ယခုနှစ်အကုန်တွင် လည်ပတ်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ စက်ပစ္စည်းများထုတ်လုပ်မှု ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီး ရေနံစိမ်းနှင့် ရေနံထွက်ပစ္စည်းဖြန့်ဖြူးပေးမည့် ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းမှာ ၁၀ ရာခိုင်နှုန်း၊ စက်ရုံအတွက်လိုအပ်မည့် သဘာဝဓာတ်ငွေ့များ ပို့လွှတ်ပေးနိုင်ရန် ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်း၊ မြေပြင်စက်ရုံတည်ဆောက်နေမှုလုပ်ငန်းမှာ ၂၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေကာ သတ်မှတ်ထားသည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် လည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ၍ ဒုတိယအဆင့်အနေဖြင့် တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် သုံးသန်းချက်လုပ်နိုင်သည့် ရေနံချက်စက်ရုံအသစ်ကို ၂၀၂၈ ခုနှစ်အတွင်း တည်ဆောက်ပြီးစီးရန် လျာထားဆောင်ရွက်နေပြီဖြစ်ရာ စီမံကိန်းများပြီးစီးပါက နိုင်ငံတော်အတွက် လိုအပ်သည့် အဆင့်မြင့်စက်သုံးဆီများကို ပြည်တွင်းတွင် ချက်လုပ်သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စု ဝန်ကြီး ဦးတင်အောင်စန်း၊ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြုကြပြီး အခမ်းအနားကို **“လူငယ်စွမ်းရည်”** သီချင်းဖြင့် ဂုဏ်ပြုဖွင့်လှစ်ကာ **“လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့”** မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ယခုကျင်းပသည့် မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်ကို အသွင်သဏ္ဌာန်အရရော အနှစ်သာရအရပါ ပြည့်စုံကောင်းမွန်အောင် စီစဉ်ပေးထားသည်ကို တွေ့မြင်ရပါကြောင်း၊ ဤနေရာတွင် နိုင်ငံတော်၏ အဖိုးတန်ဆုံးရတနာများဖြစ်သည့် လူငယ်များ၏ လန်းဆန်းတက်ကြွသည့်အသွင်သဏ္ဌာန်များ၊ ယုံကြည်ရဲရင့်သည့် စိတ်ဓာတ်များကို မြင်တွေ့ရသည့်အတွက် မိမိအနေဖြင့် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

လူငယ်ဆိုသည်မှာ လူ့ဘောင်အဖွဲ့အစည်းတစ်ခုတွင် အားကိုးအားထားပြုကြရသည့် လူ့စွမ်းအားအရင်းအမြစ်တစ်ခုဖြစ်ပါကြောင်း၊ ခေတ်စနစ်များကို မည်သို့ပင် ဖြတ်သန်းကြရပါစေ၊ လူငယ်မျိုးဆက်များသည် အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊ အရည်အသွေးပိုင်းနှင့် ကိုယ်စွမ်းကိုယ်စအပိုင်းများတွင် ထူးချွန်ထက်မြက်နေရန် လိုအပ်နေမည်ဖြစ်ပါကြောင်း၊ ထိုသို့ဖြစ်ပေါ်နိုင်ရန် လူငယ်များ၏ ကြိုးစားအားထုတ်မှု အခွင့်အလမ်းနှင့် စွမ်းရည်မြှင့်တင်ရေးအပိုင်းများကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ်တည်ရှိနေအောင် နိုင်ငံတော်အစိုးရက ဖော်ဆောင်ပေးနေခြင်းဖြစ်ပါကြောင်း။

ယနေ့ လူငယ်များသည် အနာဂတ်နိုင်ငံတော်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ၏ လူသားအရင်းအမြစ်များ ဖြစ်ပြီး နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်များလည်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်စွမ်းအားစုတစ်ရပ်လုံးသည် နိုင်ငံတော်၏ အနာဂတ်များဖြစ်သည်ဟု ယုံကြည်တန်ဖိုးထားသည့်အတွက် လူငယ်ရေးရာ မူဝါဒများ၊ လူငယ်ဖွံ့ဖြိုးရေး အစီအမံများကို ခေတ်နှင့်အညီ ချမှတ် ဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ အကြောင်းကြောင်းကြောင့် လမ်းမှားရောက်ပြီး အနာဂတ် ပျောက်ဆုံးနေသည့် လူငယ်လူရွယ်များကို မိဘနှင့် သားသမီးကဲ့သို့ မေတ္တာထားကာ လမ်းကြောင်းမှန်ကို ပြန်လည်ရောက်ရှိစေရေးနှင့် လူငယ်များ၏ ဘဝတိုးတက်ရေးအတွက် နည်းလမ်းများ ရှာဖွေဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ လူငယ်အင်အားစုများသည် စိတ်ဓာတ်နှင့် အတွေးအခေါ် မြင့်မားသူများ၊ စွမ်းရည်ထက်မြက်သူများ၊ ရိုးသားဖြောင့်မတ်မှန်ကန်သူများ ဖြစ်ကြမှသာ နိုင်ငံကို တိုးတက်ကောင်းမွန်အောင် တည်ဆောက်သွားနိုင်မည် ဖြစ်သည်ကို အလေးထား ပြောကြားလိုပါကြောင်း။

**လေ့ကျင့်သင်ကြားပေးလျက်ရှိ**

လူငယ် မောင်မယ်တို့သည် အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသည့် ဒစ်ဂျစ်တယ်ခေတ်ကြီးထဲတွင် ရှင်သန်နေထိုင်နေကြပါကြောင်း၊ နည်းပညာများသည် တစ်နေ့တခြား တိုးတက်နေသလို ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခင်းအကျင်းများသည် အမြဲမပြတ် ရွေ့လျားပြောင်းလဲနေကြသည်ကို သတိပြုကြရန် လိုအပ်ပါကြောင်း၊ ယခုအချိန်သည် လူငယ်များကို **“အနာဂတ်ရဲ့ ခေါင်းဆောင်များ”** ဆိုသည့် စကားလုံးတစ်လုံးဖြင့် တင်စားပြောဆိုရုံနှင့် မလုံလောက်တော့ဘဲပိုမိုလေးနက်သည့် အဓိပ္ပာယ်ပေါင်းများစွာ ပြည့်ဝနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် လူငယ် မောင်မယ်တို့သည် အနာဂတ်ကို စောင့်ဆိုင်းနေသူများ မဟုတ်ကြဘဲ ပစ္စုပ္ပန်ကို မောင်းနှင်နေကြသူများဖြစ်သကဲ့သို့ အနာဂတ်ကို ထုဆစ်ပုံဖော်နေကြသည့် ဗိသုကာပညာရှင်များလည်း ဖြစ်ပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် **“လူငယ်များအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက် အကောင်းဆုံး ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်”** ဆိုသည့် သဘောတရားကို ခိုင်ခိုင်မာမာ ယုံကြည်ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း၊ ထို့ကြောင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ခုအဖြစ် သတ်မှတ်ပြီး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် လူငယ်များအနေဖြင့် မိမိတို့ဘဝအတွက်သာမက နိုင်ငံနှင့်ပြည်သူအတွက်ပါ အကျိုးရှိစေမည့် ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်း (Critical Thinking)နှင့် ပြဿနာရပ်များကို ဖြေရှင်းနိုင်စွမ်း (Problem Solving) များ ရှိလာစေရန်အတွက် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း။

ယနေ့ဖိုရမ်တွင် ကမ္ဘာလုံးဆိုင်ရာ ပထဝီရှုခင်းရှုကွက်များကို နားလည်စေရန်အတွက် မိမိတို့မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ပထဝီနိုင်ငံရေးနှင့် ဗဟုဝင်ရိုး ကမ္ဘာ့အကြောင်းများ၊ ပြောင်းလဲနေသည့် ကမ္ဘာနှင့် မြန်မာ့ပထဝီနိုင်ငံရေးအခြေအနေ၊ မြန်မာနိုင်ငံနှင့် ပထဝီစီးပွားရေးမဟာဗျူဟာကို နားလည်စေရန်အတွက် ပြောင်းလဲနေသည့် ကမ္ဘာနှင့် မြန်မာ့ပထဝီ စီးပွားရေး အကြောင်းများ၊ ဗဟုဝင်ရိုး ကမ္ဘာ အကြောင်းများကို ပြည်ပပညာရှင်များက ရှုထောင့်ပေါင်းစုံမှ ဆွေးနွေး ပြောကြားကြမည်ဖြစ်သည့်အတွက် စနစ်တကျလေ့လာမှတ်သားသင်ယူကြရန် မှာကြားလိုပါကြောင်း။

ထို့ပြင် နေ့စဉ်ဆွေးနွေး တင်ပြချက်များအပေါ် လူငယ်များအချင်းချင်း အပြန်အလှန် နှီးနှောဖလှယ်နိုင်မည့် စကားဝိုင်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများကို ထည့်သွင်းဆောင်ရွက်မည် ဖြစ်သည့်အတွက် စနစ်တကျပါဝင်ဆောင်ရွက်ရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယနေ့ကျင်းပသည့် ဖိုရမ်ကြီးသည် ယခင်ကျင်းပခဲ့သည့် ဖိုရမ်များ၊ ဆွေးနွေးပွဲများနှင့်မတူဘဲ ကောင်းမွန်သည့် အစီအစဉ်များ၊ လေ့လာသင်ယူမှုပုံစံများ ပါဝင်သည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တက်ရောက်လာသည့်လူငယ်များအနေဖြင့် လွန်စွာအကျိုးကျေးဇူးရှိသည့် ဖိုရမ်ကြီးတစ်ခုဖြစ်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြည်ပပညာရှင်များ၊ အနုပညာရှင်များကို တက်ရောက်လာကြသည့် လူငယ်များ၊ ကျောင်းသားကျောင်းသူများနှင့် မိတ်ဆက်ပေးပြီး ဖိုရမ်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ယနေ့ဖိုရမ်တွင် ပြည်ပ ပညာရှင်များဖြစ်သည့် Mr. Atul Aneja နှင့် Mr. Lorenzo Maria Pacini တို့က ကမ္ဘာလုံးဆိုင်ရာ ပထဝီရှုခင်းရှုကွက်များကို နားလည်ခြင်း၊ ပြောင်းလဲနေသော ကမ္ဘာနှင့် မြန်မာ-ပထဝီနိုင်ငံရေး၊ မြန်မာနိုင်ငံနှင့် ပထဝီစီးပွားရေး မဟာဗျူဟာ၊ ပြောင်းလဲနေသည့် ကမ္ဘာနှင့်မြန်မာ-ပထဝီစီးပွားရေးစသည့် အကြောင်းအရာများကို ဆွေးနွေးသွားမည် ဖြစ်သကဲ့သို့ လူငယ်များကိုယ်တိုင် ပါဝင်ဆွေးနွေးဆောင်ရွက်ကြမည်ဖြစ်ကြောင်း။

**ဆွေးနွေး**

ယခုဖိုရမ်မှ မိမိတို့ မျှော်မှန်းထားသည့် ရလဒ်ခြောက်ခု ရှိပါကြောင်း၊ လူငယ်ပေါင်း ၄၀၀ ခန့်ကို မဟာဗျူဟာမြောက် စဉ်းစားတွေးခေါ်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ သတိမပြတ်မှုများ လေ့ကျင့်ပေးနိုင်ခြင်း၊ ဖိုရမ်တွင် ပညာရှင်များနှင့် လိုက်ပါဆွေးနွေးရင်း တက်ရောက်သူ လူငယ်များအနေဖြင့် မိမိတို့၏ အတွေးအမြင်များ၊ စိတ်ကူးစိတ်သန်းများနှင့် အနာဂတ်စီမံကိန်းများအပေါ် အဆိုပြုပေးနိုင်ခြင်း၊ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် “မြန်မာလူငယ် ကြေညာစာတမ်း-၂၀၄၀ (Youth Declaration for Myanmar 2040)” တစ်ခုကို ပူးတွဲထုတ်ပြန်နိုင်ခြင်း၊ ဖိုရမ်တက်ရောက်လာကြသည့် လူငယ်အချင်းချင်း ထိတွေ့ဆက်ဆံမှုများမှ တစ်ဆင့် လူငယ်ကွန်ရက်တစ်ခု ရရှိလာနိုင်ခြင်း၊ အဆင့်မြင့်ခေါင်းဆောင်မှုသင်တန်းများနှင့် အသိပညာပေးဝေမှုများကို ဆက်လက်ဆောင်ရွက်၍ လူငယ်များ၏ လုပ်နိုင်စွမ်းကို မြှင့်တင်နိုင်ခြင်း၊ လာမည့်ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် လူငယ်များ တက်ကြွစွာ ပါဝင်လာစေခြင်းတို့ ဖြစ်ပါကြောင်း။ စာမျက်နှာ ၆ သို့ ☆





ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက “အနာဂတ်၏ အလင်းရောင်များ” တေးသီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြစဉ်။




ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ ကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

နိုင်ငံတကာရေးရာ၊ ပထဝီနိုင်ငံရေး၊ အမျိုးသားမဟာဗျူဟာနှင့်ပတ်သက်သည့် အခြေခံဗဟုသုတများရရှိစေရန်၊ လူငယ်များအကြား ခေါင်းဆောင်မှု၊ စူးစမ်းစဉ်းစားနိုင်မှုနှင့် လူမှုဆက်ဆံရေးကျွမ်းကျင်မှု အရည်အချင်းများမြှင့်တင်ရန်၊ ဖိုရမ်တွင် အပြန်အလှန်ဆွေးနွေးပြောဆိုမှုများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးနိုးနှောမှုနှင့် ပြည်သူ့နီတိ ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ရန်၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်ပေါ်လာမည့် အနာဂတ်လမ်းကြောင်းများကို လူငယ်များကိုယ်တိုင် ရှုမြင်အဆိုပြုနိုင်စွမ်း မြှင့်တင်ရန်နှင့် အနာဂတ်တွင် ဆောင်ရွက်ကြမည့် အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့် လုပ်ငန်းအစီအစဉ်များအတွက်တက်ကြွသည့် ဖိုရမ်ဆင်းလူငယ်ကွန်ရက်ကို ဖန်တီးပေးရန်ဟူသည့် ရည်ရွယ်ချက်ငါးရပ်ဖြင့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကို ယနေ့တွင် ရန်ကုန်မြို့ရှိမြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်ကျင်းပရေး ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ပ ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကျောင်းသား ကျောင်းသူများက **"မြန်မာနိုင်ငံအတွက် ကျွန်ုပ်၏ စိတ်ကူးအိမ်မက်"** ခေါင်းစဉ်ဖြင့် Energizer Quiz များကို ပါဝင်ဖြေကြားကြသည်။

ထို့နောက် အိန္ဒိယနိုင်ငံမှ မဟာဗျူဟာရေးရာ လေ့လာသုံးသပ်သူ Mr. Atul Aneja က **"ပြောင်းလဲနေသောကမ္ဘာနှင့် မြန်မာ-ပထဝီနိုင်ငံရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် ဗဟုဝင်ရိုးဖြစ်ပေါ်လာပုံ၊ ဒီမိုကရေစီ Ideology များ၊ အယူဝါဒရေးရာများ၊ Francis Fukuyama ၏ The End of History And The Last Man စာအုပ်ပါ အယူအဆများ၊ ကမ္ဘာကြီးအနေဖြင့် World State အဖြစ်ပြောင်းလဲလာလျက်ရှိပုံ၊ လက်ရှိကမ္ဘာ့နိုင်ငံရေး အခြေအနေ၊ ပထဝီနိုင်ငံရေးအရ အယူဝါဒရေးရာများပြောင်းလဲလာပုံနှင့် မဟာဗျူဟာများ ပေါ်ပေါက်လာပုံ၊ မဟာဗျူဟာများ ပြောင်းလဲလာမှုအရ အချုပ်အခြာအာဏာပိုင်နိုင်ငံများအပေါ် သက်ရောက်မှုများ၊ အရှေ့အလယ်ပိုင်းဒေသ၏ ပထဝီနိုင်ငံရေးအခြေအနေ၊ ခေတ်သစ်ကိုလိုနီဝါဒပြုမှုများ၊ ကမ္ဘာ့ပထဝီနိုင်ငံရေးအပေါ် လွှမ်းမိုးမှုရှိသော နိုင်ငံရေးပညာရှင်များ၊ Multi Civilization အဖြစ်ပြောင်းလဲလာသည့်ကမ္ဘာ၊ ဗဟုဝင်ရိုးကမ္ဘာကြီးပေါ်မှ မြန်မာ့နိုင်ငံရေး စသည့်အကြောင်းအရာများကို သုံးသပ်ဆွေးနွေးသည်။



အိန္ဒိယနိုင်ငံမှ မဟာဗျူဟာရေးရာ လေ့လာသုံးသပ်သူ Mr. Atul Aneja ဆွေးနွေးစဉ်။

ဆွေးနွေးသုံးသပ်ချက်များနှင့် စပ်လျဉ်း၍ လူငယ်ကျောင်းသား ကျောင်းသူများက ဗဟုဝင်ရိုးကမ္ဘာ နိုင်ငံရေးအဖြစ်ပြောင်းလဲလာမှုမှ မြန်မာနိုင်ငံအနေဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ မြန်မာ၊ ရုရှား၊ တရုတ်၊ အိန္ဒိယပူးပေါင်းဆောင်ရွက်မှု ပုံစံသစ်၊ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအတွက် လိုအပ်ချက်များ၊ အင်အားများ၊ လက်ရှိကမ္ဘာ့နိုင်ငံရေးအခြေအနေပြောင်းလဲမှု၊ မြန်မာနိုင်ငံအပေါ် ကမ္ဘာ့အယူဝါဒရေးရာလွှမ်းမိုးမှုများ၊ မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ကမ္ဘာ့အယူဝါဒရေးရာများကို ထုတ်နုတ်အသုံးပြုနိုင်ရေး စသည့် အကြောင်းအရာများကို မေးခွန်းများ မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် Mr. Atul Aneja က **"မြန်မာ၊ ပထဝီနိုင်ငံရေးနှင့် ဗဟုဝင်ရိုးကမ္ဘာ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့၏ Civilization ဆိုင်ရာ အားသာချက်များ၊ ပေါင်းကူးနိုင်ငံအဖြစ် တည်ရှိနေမှု၊ မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ထားသင့်သည့် အခြေအနေ၊ ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲ များပြားသောကာလဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအပေါ် သက်ရောက်လာနိုင်မှု၊ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်စေရန် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်နိုင်ရေး၊ မြန်မာနိုင်ငံ၌ ပြည်တွင်းပဋိပက္ခများ တည်ရှိနေသော်လည်း ဖွံ့ဖြိုးမှုအခွင့်အလမ်းများစွာလည်း ရှိနေသည့်အတွက် စုပေါင်းအင်အားဖြင့် ပဋိပက္ခများကို ကျော်လွှားပြီး ခိုင်မာအားကောင်းသည့် နိုင်ငံတစ်ခုအဖြစ်ဖော်ဆောင်ရေး၊ ဖွံ့ဖြိုးမှုအခွင့်အလမ်းများအတွက် အိမ်နီးချင်းနိုင်ငံများ၊ အာရှဒေသတွင်းနိုင်ငံများနှင့် ကူးလူးဆက်နွယ်မှုပိုမိုတိုးမြှင့်လုပ်ဆောင်ရေး၊ စီးပွားရေးစင်္ကြံများ ဖော်ဆောင်ရေး၊ မြန်မာနိုင်ငံအနေဖြင့် တန်ဖိုးကြီးမားသော သယံဇာတများနှင့် အလားအလာများစွာရှိသော လူငယ်လူသားအရင်းအမြစ်များ ပိုင်ဆိုင်ထားသည့်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် အကျိုးရှိထိရောက်စွာ အသုံးချဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးသည်။

ဆွေးနွေးသုံးသပ်ချက်များအပေါ် လူငယ်ကျောင်းသား ကျောင်းသူများက မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအရ မဟာဗျူဟာမြောက်တည်ရှိနေသည့်အတွက် ဖော်ဆောင်သွားနိုင်မည့် အခွင့်အလမ်းများ၊ အဓိကထားဖော်ဆောင်သင့်သည့် စီးပွားရေးကဏ္ဍ၊ လူငယ်များ ဦးဆောင်ပါဝင်နိုင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံမှ လူငယ်များနှင့် ဒေသတွင်းနိုင်ငံများမှ လူငယ်များအကြား ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေး၊ ဗဟုဝင်ရိုးနိုင်ငံရေးအခြေအနေအရ ရုရှား၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် ဆက်သွယ်ဆက်ဆံမှုတိုးမြှင့်ရေး၊ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသည့် လူငယ်များဖြစ်စေရန် စွမ်းဆောင်ရေး၊ ယှဉ်ပြိုင်မှုပုံစံမျိုးမဟုတ်ဘဲ အတူလက်တွဲပူးပေါင်းဆောင်ရွက်သည့် ပုံစံဖြင့် နိုင်ငံရေးအခွင့်အလမ်းများဖန်တီးရေး စသည့် အကြောင်းအရာများကို မေးခွန်းများမေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ပပညာရှင်များဖြစ်သည့် အိန္ဒိယနိုင်ငံမှ မဟာဗျူဟာရေးရာလေ့လာသုံးသပ်သူ Mr. Atul Aneja၊ ဆွစ်ဇာလန်နိုင်ငံ (SUPDI)မှ တွဲဖက်ပါမောက္ခ Mr. Lorenzo Maria Pacini နှင့် Anteo Edizioni Publishing House Italy မှ ဒါရိုက်တာ Mr.Stefano Bonilauri တို့အား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ထို့နောက် ပြောင်းလဲနေသော ကမ္ဘာ့အစီအစဉ်တွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍအပေါ် လူငယ်များအမြင်၊ လူငယ်များဦးဆောင်သည့် ယဉ်ကျေးမှုနှင့် တီထွင်ဆန်းသစ်မှုများမှတစ်ဆင့် မြန်မာကို နိုင်ငံတကာသို့ ဖော်ထုတ်တင်ပြရေး၊ လူငယ်နှင့် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် လူငယ်တို့၏ အခန်းကဏ္ဍ၊ ကမ္ဘာ့စိန်ခေါ်မှုများနှင့် လူငယ်များ၏ ဖြေရှင်းမှုများ စသည့် ခေါင်းစဉ်များကို အဖွဲ့များခွဲ၍ ဆွေးနွေးကြသည်။

ယင်းနောက် အဖွဲ့များမှ လူငယ်ကိုယ်စားလှယ်တစ်ဦးစီက ခေါင်းစဉ်အလိုက် ဆွေးနွေးသုံးသပ်ချက်များကို ပြန်လည်စုစည်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ဥက္ကဋ္ဌက အနှစ်ချုပ်သုံးသပ်တင်ပြပြီး တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လူငယ်အဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်သည်။ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ နောက်ဆုံးရက်ဖြစ်သည့် စက်တင်ဘာ ၁ ရက်တွင် လူငယ်များ၏ ဆွေးနွေးပွဲရလဒ်များကို ကြေညာချက်စာတမ်းတစ်ရပ် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ တွင် လူငယ်ကျောင်းသား ကျောင်းသူများ ပါဝင်ဆွေးနွေးစဉ်။

☆ စာမျက်နှာ ၅ မှ

ယနေ့ဖိုရမ်သို့တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်မောင်မယ်များအနေဖြင့် မြန်မာနိုင်ငံ၏ ပထဝီအနေအထား၊ ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးဆိုင်ရာ အားသာချက်၊ အားနည်းချက်များကိုသိရှိကြပြီး အနာဂတ်နိုင်ငံတော်တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြသည့်အခါ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဦးတည်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြမည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း ပြောကြားသည်။

ပြောကြား

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုဖိုရမ်က ချမှတ်ထားသည့် ရည်ရွယ်ချက်များ၊ မျှော်မှန်းချက်များ၊ ရလဒ်များကို ဖိုရမ်တက်ရောက်လာကြသူအားလုံးက အောင်မြင်စွာ အကောင်အထည်ဖော်မည်ဟု ယုံကြည်ပါကြောင်း၊ ရရှိလာမည့် အတွေးအမြင်ကောင်းများကို အမိနိုင်ငံတော်ကြီးနှင့် နိုင်ငံသားများအတွက် ပြန်လည်အကျိုးပြုနိုင်ကြပါစေကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီက "အနာဂတ်၏ အလင်းရောင်များ"တေးသီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ ကို ဩဂုတ် ၃၀ရက်မှ စက်တင်ဘာ ၁ ရက်အထိ သုံးရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် အချိုးကျကိုယ်စားပြုစနစ်(PR) မဲဆန္ဒနယ်များ ပြင်ဆင်သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၈၁ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် )

**မန္တလေးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ်များ ပြင်ဆင်သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀(ဃ)နှင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄ တို့အရ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ၁၅ - ၈ - ၂၀၂၅ ရက်နေ့တွင် ကြေညာချက် အမှတ် ( ၅၁/၂၀၂၅ ) ဖြင့် ထုတ်ပြန်ခဲ့သည့် အမျိုးသားလွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်တွင် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် အချိုးကျကိုယ်စားပြုစနစ် ( PR ) မဲဆန္ဒနယ်အား ပူးတွဲပါအတိုင်း ပြင်ဆင်သတ်မှတ်ကြေညာလိုက်သည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပူးတွဲ

**ပြင်ဆင်သတ်မှတ်သည့် မန္တလေးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် အချိုးကျကိုယ်စားပြုစနစ် ( PR ) မဲဆန္ဒနယ်များ**

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများ | ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက် |
|---|---|---|---|
| | မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) | | |
| ၁၃ | မဲဆန္ဒနယ်အမှတ်(၁) | ကျောက်ဆည်ခရိုင်တစ်ခုလုံး၊ ညောင်ဦးခရိုင်တစ်ခုလုံး၊ တံတားဦးခရိုင်တစ်ခုလုံး၊ မြင်းခြံခရိုင်တစ်ခုလုံး။ | ၂ ဦး |
| ၁၄ | မဲဆန္ဒနယ်အမှတ်(၂) | ပြင်ဦးလွင်ခရိုင်တစ်ခုလုံး၊ မဟာအောင်မြေခရိုင်တစ်ခုလုံး၊ သပိတ်ကျင်းခရိုင်တစ်ခုလုံး၊ အမရပူရခရိုင်တစ်ခုလုံး၊ အောင်မြေသာစံခရိုင်တစ်ခုလုံး။ | ၂ ဦး |
| ၁၅ | မဲဆန္ဒနယ်အမှတ်(၃) | မိတ္ထီလာခရိုင်တစ်ခုလုံး၊ ရမည်းသင်းခရိုင်တစ်ခုလုံး၊ ပြည်ထောင်စုနယ်မြေတစ်ခုလုံး။ | ၂ ဦး |

# လမ်းနယ်နှင့်မလွတ်ကင်းသော လျှပ်စစ်ဓာတ်အားလိုင်းများ ရွှေ့ပြောင်းတည်ဆောက်နေမှုနှင့် ၅၀၀ ကေဗွီ ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၃၀

ရန်ကုန်-ပုသိမ်လမ်းမကြီး အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လမ်းနယ်နှင့် မလွတ်ကင်းသော လျှပ်စစ်ဓာတ်အားလိုင်းများ ရွှေ့ပြောင်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့်အတူ ယနေ့မွန်းလွဲပိုင်းက လှည့်လည် ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်-ပုသိမ် လမ်းမကြီးတစ်လျှောက် ၂၃၀ ကေဗွီ ကနောင်ပင်မ ဓာတ်အားခွဲရုံရှေ့ရှိ ၃၃ ကေဗွီ ဖီဒါနှင့် ၁၁ ကေဗွီ ဖီဒါတို့၏ ဓာတ်အားလိုင်းများပြောင်းရွှေ့ရန် တိုင်များ စိုက်ထူပြီးစီးမှုနှင့် ကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဓာတ်အားခွဲရုံ အမှတ်(၂)ရှေ့ ၃၃ကေဗွီ ဖီဒါနှင့် ၁၁ ကေဗွီ ဖီဒါတို့၏ ဓာတ်အားလိုင်းများ ပြောင်းရွှေ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဓာတ်အားခွဲရုံမှ ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနေမှုကိုလည်းကောင်း၊ ဒီပဲရင်း ဝန်ထောက် ဦးမြလမ်းတစ်လျှောက်ရှိ ၁၁ ကေဗွီ ဇုန်(၄)သီးခြားဖီဒါ ပြောင်းရွှေ့တည်ဆောက်ရန် အတွက် ဓာတ်အားလိုင်းအသစ်တည်ဆောက်ရန် တိုင်များစိုက်ထူပြီးစီးမှုနှင့် ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဒီပဲရင်းဝန်ထောက် ဦးမြလမ်းနှင့် မြဝတီမင်းကြီးလမ်း၊ မင်းကြီးမဟာ မင်းခေါင်လမ်း၊ ရန်ကုန်-ပုသိမ်လမ်းတို့မှ ရွှေကမ်း သာယာ အိမ်ရာရှေ့ ၃၃ ကေဗွီ နှစ်ထပ်ဓာတ်အား လိုင်းဟောင်းဖြုတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက် နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်း ဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ၅၀၀ ကေဗွီ လှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံတည်ဆောက်ရေး စီမံကိန်း ယာယီရုံးလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်းနှင့်ဆက်စပ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက် သွားမည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စီမံကိန်း ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း Control Building တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ထရန်စဖော်မာများနှင့် Shunt Reactor တပ်ဆင်ပြီးစီးမှု၊ Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်ပြီးစီးမှု၊ 500 kV Switch Bay နှင့် 230 kV Switch Bay တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ခွဲရုံအဝင်လမ်း ဖောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းခွင်တွင် ပါဝင် ဆောင်ရွက်နေသောဝန်ကြီးဌာနမှ မျိုးဆက်သစ် အင်ဂျင်နီယာဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယခုအကောင်အထည်ဖော်တည်ဆောက်လျက် ရှိသည့် ၅၀၀ ကေဗွီ လှိုင်သာယာ(အနောက်ပိုင်း တက္ကသိုလ်)ဓာတ်အားခွဲရုံ စီမံကိန်းသည် ယခုအချိန် တွင် စီမံကိန်းတစ်ခုလုံးအနေဖြင့် ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် စီမံကိန်း တစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၂၄ မှ

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

အကြံပြုချက်


သို့ဖြစ်ပါ၍ အပူပိုင်းမုန်တိုင်း "နောင်ဖ" ၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေး အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ


Japan Meteorological Agency (JMA) မှ အပူပိုင်းမုန်တိုင်း "နောင်ဖ" ၏ လမ်းကြောင်းပြပုံ



မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၃၀-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃၁-၈-၂၀၂၅ ရက်နေ့မှ ၁-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၃၀-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂-၉-၂၀၂၅ ရက်နေ့မှ ၃-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



❖ စာမျက်နှာ ၂၄ မှ

ဩဂုတ် ၂၉ ရက်တွင် ပြန်လည် သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့သည်။

အလားတူ ဒေသတွင်းကုန်စည် စီးဆင်းမှုနှင့် ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသော နောင်ချို-အုမ္မသီး - ဟိုခို - မိုးကုတ် လမ်းကြောင်းနှင့် ပြင်ဦးလွင်-ကျောက်မဲလေး-သံဘို-ဟိုခို-မိုးကုတ် လမ်းမကြီးများတစ်လျှောက် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ဘေးအန္တရာယ်ကင်းစွာဖြင့် အချိန်အခါမရွေး သွားလာနိုင်ရေးအတွက် အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် ပြင်ဦးလွင်-မိုးကုတ်နှင့် နောင်ချို-မိုးကုတ် ကားလမ်းပိုင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေး လုပ်ငန်းများကို ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တပ်မတော် စစ်ကြောင်းများ အနေဖြင့် နောင်ချို-လောက်ဖန်း-ဟိုခို-ရတနာသီဂီသတ္တုမိုင်းတွင်း လမ်းကြောင်း၊ ပြင်ဦးလွင်-ကျောက်မဲလေး - သံဘို - ဟိုခို လမ်းကြောင်း၊ အုမ္မသီး-သုံးဆယ်-ဟိုခို-ရတနာသီဂီသတ္တုမိုင်းတွင်း လမ်းကြောင်းများဖြင့် စစ်ကြောင်းသုံးကြောင်းခွဲ၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ခက်ခက်ခဲခဲဖြင့် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နောင်ချို-လောက်ဖန်း-ဟိုခို-ရတနာသီဂီ သတ္တုမိုင်းတွင်း စစ်ကြောင်းသည် ၂၀၂၅ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားခဲ့သည့် ကုန်းသာရွာသစ်ကျေးရွာနှင့် စက်ရုံကျေးရွာ၊ ဇူလိုင် ၁၈ ရက်တွင်လောင်ဖန်းဘိလပ်မြေစက်ရုံ၊ ၂၂ ရက်တွင် ခဲစံရွာနှင့် အင်ကြင်းကုန်းကျေးရွာ၊ ၂၆ ရက်တွင် ပန်းစုံကျေးရွာနှင့် ကြူအင်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း(နောင်ချို) နှင့် အသက်မွေးမှုအတတ်သင်စခန်း(ကောင်းမှုစခန်းခွဲ)၊ ၂၇ ရက်တွင် ဟိုနောင်ကျေးရွာ၊ ဩဂုတ် ၁ ရက်တွင် တော်မွန်းကျေးရွာ၊ ၂ရက်တွင် နားနွဲ့ကျေးရွာ၊ ၃ ရက်တွင် ကြူကော်ကျေးရွာ၊ ၆ ရက်တွင် ဟိုခိုတို့အား အဆင့်ဆင့် သိမ်းပိုက်ရရှိခဲ့သည်။

စာမျက်နှာ ၉ သို့ »»

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် နောင်ချို-အုမ္မသီး-ဟိုခို-မိုးကုတ်လမ်းပိုင်းနှင့် ပြင်ဦးလွင်-ကျောက်မဲလေး-သံဘို-ဟိုခိုလမ်းပိုင်း နေရာများအား ပြန်လည်သိမ်းပိုက်ရရှိ







တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် သုံးဆယ်ရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် အကျဉ်းဦးစီးဌာန(ကုန်းစံ)အား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် ကုန်းစံစိုက်ပျိုးမွေးမြူရေးစခန်းအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ဒိုးပင်ရွာ၌ အကြမ်းဖက်သမားများ အခိုင်အမာ ပြုလုပ်ထားသည့် မြေအောက်ဘန်ကာများအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် ဟိုခိုရွာစာသင်ကျောင်းအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ဆောက်လုပ်ထားသည့် ကွန်ကရစ်ဘန်ကာအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် ကြူအင်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း(နောင်ချို)အား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ကြူအင်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း (ကောင်းမှုစခန်းခွဲ)အား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။





တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် ရတနာသီဂီ သတ္တုမိုင်းတွင်းအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ရတနာသီဂီ မိုင်းတွင်းရှိ MDY-PDF များ၏ Drop Bomb ပြုလုပ်သည့်နေရာအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

»»» စာမျက်နှာ ၈ မှ

အလားတူ အုမ္မသီး -သုံးဆယ်- ဟိုခို -ရတနာသိင်္ဂီသတ္တုမိုင်းတွင်း လမ်းကြောင်းမှ တပ်မတော် စစ်ကြောင်းသည် အကြမ်းဖက် သောင်းကျန်းသူများ ယာယီ စိုးမိုးထားသည့် နေရာများအား အဆင့်ဆင့် ပြန်လည်တိုက်ခိုက် သိမ်းပိုက်ခဲ့ရာ ဇူလိုင် ၂၄ ရက်တွင် ပြင်ဦးလွင်-နောင်ချို ကားလမ်းမကြီးပေါ်ရှိ အုမ္မသီးကျေးရွာ၊ ရွှေညောင်ပင်ကျေးရွာ၊ ဆမ်ဆယ်ကျေးရွာနှင့် ကျောက်သုံးလုံးကျေးရွာ၊ ၂၅ ရက်တွင် လွယ်ငင်းကျေးရွာ၊ ၂၆ ရက်တွင် မြို့တွင်းကျေးရွာ၊ ၂၇ ရက်တွင် သုံးဆယ်ကျေးရွာ၊ ၂၉ ရက်တွင် သရက်ကုန်းကျေးရွာ၊ ရွှေကြာအင်းကျေးရွာ၊ အထက်ကြူအင်းကျေးရွာ၊ ၃၀ ရက်တွင် အောက်ကြူအင်းကျေးရွာ၊ ဩဂုတ် ၁ ရက်တွင် နမ့်ခေါက်ကျေးရွာ၊ တော်မွန်းကျေးရွာ၊ ဩဂုတ် ၂ ရက်တွင် ကုန်းညောင်ကျေးရွာ၊ ၄ ရက်တွင် ဟိုခဲကျေးရွာ၊ ၅ ရက်တွင် မြောက်ကုန်းကြီးကျေးရွာတို့အား ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး ဩဂုတ် ၆ ရက်တွင် ဟိုခိုကျေးရွာအား လည်းကောင်း အဆင့်ဆင့် ပြန်လည်တိုက်ခိုက် သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ထို့အတူ ပြင်ဦးလွင်-ကျောက်မဲလေး-သံဘို-ဟိုခို စစ်ကြောင်းသည် ၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် သစ်တပင်ကုန်း၊ ဇူလိုင် ၃၁ ရက်တွင် ရပ်တော်မူကုန်း၊ ဩဂုတ် ၄ ရက်တွင် သံဘိုကျေးရွာ၊ ဇီးဖြူရေကျေးရွာနှင့် အင်းမကျေးရွာတို့အား အဆင့်ဆင့် ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

ထို့နောက် တပ်မတော် စစ်ကြောင်းများ အနေဖြင့် စစ်ကြောင်း နှစ်ကြောင်းပေါင်း၍ ဟိုခိုကျေးရွာမှ ဟန်ချက်ညီညီဖြင့် အကြမ်းဖက် သောင်းကျန်းသူများအား ဆက်လက်ချီတက်တိုက်ခိုက်ခဲ့ရာ ဩဂုတ် ၇ ရက်တွင် ချောင်းသာကျေးရွာ၊ ၁၁ ရက်တွင် မယ်ဟင်းကျေးရွာ၊ ၁၄ ရက်တွင် ကုန်းစံကျေးရွာနှင့် ကုန်းစံ (အကျဉ်းထောင်)၊ ၂၀ ရက်တွင် ဒိုးပင်ကျေးရွာ၊ ၂၃ ရက်တွင် လုံခန်းကျေးရွာ၊ ၂၄ ရက်တွင် နားခါးကျေးရွာ၊ ၂၆ ရက်တွင် ရတနာသိင်္ဂီမိုင်းတွင်းအနီးရှိ ရန်သူ့စခန်းကုန်းနေရာများ၊ ၃၀ ရက်တွင် ရတနာသိင်္ဂီသတ္တုမိုင်းတွင်းနှင့် ဒေသတစ်ဝိုက်အား လည်းကောင်း အဆင့်ဆင့်သိမ်းပိုက်ရရှိခဲ့ပြီး နယ်မြေဆက်လက်ရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်ဆင်ရေးကာလတစ်လကျော် ကာလအတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ၄၈ ကြိမ်ဖြစ်ပွားခဲ့ကာ ရန်သူ့အလောင်း ၂၄ လောင်းနှင့် လက်နက်မျိုးစုံ ၂၃ လက်နှင့် ဆက်စပ်ပစ္စည်းအမြောက်အမြား သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်စစ်ကြောင်းများ အနေဖြင့် ထိခိုက်ကျဆုံးမှု အနည်းဆုံးဖြင့် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ထို့အတူ နောင်ချို -ကျောက်မဲလမ်းပိုင်းရှိ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသော တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသအတွင်း နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် အဆိုပါဒေသများအား ခေတ္တစိုးမိုးထားသည့် ကာလအတွင်း အများပြည်သူ သွားလာလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်း၊ သစ်ပင်သစ်ကိုင်းများဖြင့် လမ်းပိတ်ဆို့ခြင်းများ၊ ကျေးရွာများအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းများကြောင့် တပ်မတော် စစ်ကြောင်းများက လမ်းကြောင်း တစ်လျှောက်ရှိ အတားအဆီးနေရာများနှင့် ပျက်စီးခဲ့သည့် လမ်းတံတားများအား လူအင်အားနှင့် စက်ယန္တရားများ အသုံးပြု၍ အများပြည်သူ ပြန်လည်အသုံးပြု သွားလာနိုင်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် အတားအဆီးများအား ဖယ်ရှားရှင်းလင်းခြင်း၊ မိုင်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင်တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသများရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများ မိမိရပ်ရွာ အိုးအိမ်များတွင် အေးချမ်းစွာ ပြန်လည်အခြေချနေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှု ယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများက ပြည်သူလူထုအပေါ် အကြမ်းဖက်မှုများမရှိစေရေး၊ လက်နက်အားကိုးဖြင့် ပြည်သူကို အနိုင်ကျင့်ခြင်းများ၊ ဒေသဖွံ့ဖြိုးရေးကို ပျက်စီးစေသည့် အကြမ်းဖက်လုပ်ရပ်များ မရှိစေရေးတို့အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို အစဉ်တစိုက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



အကြမ်းဖက်သောင်းကျန်းသူများက ဘာသာရေးဆိုင်ရာနေရာများ၌ ခံစစ်စခန်းများပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။





တပ်မတော်စစ်ကြောင်းများက ရတနာသိင်္ဂီမိုင်းတွင်းရှိ MDY-PDF များ၏ Drop Bomb ပြုလုပ်သည့်နေရာအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။





တပ်မတော်စစ်ကြောင်းများက ရန်သူ့စခန်းကုန်းနေရာများအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ရန်သူ့ထံမှ လက်နက်ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် သံဘိုကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် အင်းမကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ဟိုခိုကျေးရွာအဝင်ရှိ အကြမ်းဖက်သမားများ အခိုင်အမာဆောက်လုပ်ထားသည့် ကွန်ကရစ်ဘန်ကာများအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် ဇီးဖြူကြီးကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မန္တလေးတိုင်းဒေသကြီးမှ ဘာသာတွဲအလိုက် မြန်မာတစ်နိုင်ငံလုံးတွင် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများနှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၃၀**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မန္တလေးတိုင်းဒေသကြီးမှ ဘာသာတွဲအလိုက် မြန်မာတစ်နိုင်ငံလုံးတွင် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများနှင့် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ ရတနာပုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး ဒေါ်မမ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက်နှင့် ဇနီး ဒေါ်မီမီထွန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူများ၊ ဆရာ၊ ဆရာမများ၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံပညာကိုရည်ဒို့လှမ်းချီ" သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ဂုဏ်ပြုထိုက်သူများကို ချီးမြှင့်မြှောက်စားအားပေးခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပါကြောင်း၊ သဘာဝဘေးမန္တလေးငလျင်ကြီးကို ခံစားခဲ့ရသော်လည်း "အခက်အခဲများကရှန်းထလို့ မိမိအရည်အသွေးထုတ်ပြဖို့ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြပါစို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ခိုင်မာသည့် ရည်မှန်းချက်တို့ဖြင့် ဒုတိယအကြိမ်ပြန်လည်ကြိုးစားဖြေဆိုခဲ့မှု၊ ပညာရေးကို လိုလားအားပေးကြသူများနှင့် မိဘ၊ ဆရာ ဟန်ချက်ညီညီ ဖြည့်ဆည်းပံ့ပိုးမှုတို့ကြောင့် ယခုကဲ့သို့ အောင်မြင်မှုရလဒ်များကို ရရှိခံစားကြရပြီဖြစ်ပါကြောင်း၊ စွမ်းစွမ်းတမံ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသူများကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် မိမိတို့၏အရည်အသွေးကို ထုတ်ဖော်ပြသကြိုးစားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ခိုင်မာသည့်ရည်မှန်းချက်ပန်းတိုင်ရောက်သည်အထိ တစိုက်မတ်မတ် ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးတို့က သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ ငါးဦး၊ ဝိဇ္ဇာသိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ လေးဦးတို့ကို တစ်ဦးချင်း ရွှေစင်ငါးမူးသားဒင်္ဂါးပြား၊ ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ခြောက်ဘာသာဂုဏ်ထူးရှင်နှင့် ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများကို ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ချီးမြှင့်ခဲ့ကြသည်။

၎င်းနောက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မန္တလေးတိုင်းဒေသကြီးမှ ဘာသာတွဲအလိုက် မြန်မာတစ်နိုင်ငံလုံးတွင် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများနှင့် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အခမ်းအနား၌ အမှတ်(၅)၊ အမှတ်(၁၄)၊ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက "ထာဝရမြန်မာ" တေးသီချင်း၊ "နားပန်းဆံ" တေးသီချင်း၊ "အောင်မြင်ပါစေ မြန်မာပြည်" တေးသီချင်း၊ "ဇာတိမာန်" တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မန္တလေးတိုင်းဒေသကြီးမှ ဘာသာတွဲအလိုက် မြန်မာတစ်နိုင်ငံလုံးတွင် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူကျောင်းသား၊ ကျောင်းသူများနှင့် ခြောက်ဘာသာဂုဏ်ထူး၊ ငါးဘာသာဂုဏ်ထူးတို့ဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မန္တလေးတိုင်းဒေသကြီးအနေဖြင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ငါးဦး၊ ဝိဇ္ဇာသိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး လေးဦး၊ စုစုပေါင်း ကိုးဦး အပါအဝင် ခြောက်ဘာသာဂုဏ်ထူးရှင် ၄၂ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၈၀ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၅၄၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၂၆၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၈၉၆ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၉၉၃ ဦး၊ စုစုပေါင်းဂုဏ်ထူးရှင် ၇၉၁၄ ဦးနှင့် ရိုးရိုးအောင် ၈၈၅၂ ဦး ရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဂုဏ်ထူးရှင် ၇၉၁၄ ဦးအား စုစုပေါင်း ဂုဏ်ပြုဆုငွေ ငွေကျပ် ၃၃၇,၇၆၀,၀၀၀ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း၊ မြန်မာတစ်နိုင်ငံလုံး အောင်ချက်ရာခိုင်နှုန်းမှာ ၄၈ ဒသမ ၀၆ ရာခိုင်နှုန်း ရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအနေဖြင့် အောင်ချက်ရာခိုင်နှုန်းမှာ ၄၉ ဒသမ ၆၂ ရာခိုင်နှုန်းရှိခဲ့ရာ မြန်မာတစ်နိုင်ငံလုံးတွင် ဆဋ္ဌမအဆင့် ရရှိခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းနှင့် အကျုံးမဝင်သည့် တောင်သူများအား မိုးစပါးပန်းတိုင်အထွက်တိုးရရှိရန် သွင်းအားစုများ တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**မန္တလေး ဩဂုတ် ၃၀**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းနှင့် အကျုံးမဝင်သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများအား မိုးစပါးပန်းတိုင်အထွက်တိုးရရှိရန် သွင်းအားစုများ တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာဌာနများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိုးစပါးပန်းတိုင်အထွက်တိုးရရှိရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းနှင့် အကျုံးမဝင်သည့် တောင်သူများ လိုအပ်နေသည့် ယူရီးယားနှင့် ကွန်ပေါင်းဓာတ်မြေဩဇာသွင်းအားစုများကို စိုက်ပျိုးရာသီ အချိန်မီရရှိရေး၊ အရည်အသွေးပြည့်မီစွာနှင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဓာတ်မြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကြီးကြပ်မှုကော်မတီများကိုလည်း ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ပါကြောင်း၊ ဓာတ်မြေဩဇာများလက်ခံရေး၊ ဖြန့်ဖြူးရောင်းချရေးနှင့် သွင်းအားစုတန်ဖိုးကျသင့်ငွေ သီးနှံပေါ်ချိန်တွင် ပြန်လည်ကောက်ခံခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပိုမိုထိရောက်အောင်မြင်ရေး စနစ်တကျ ကြပ်မတ်ကာ အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူးက ဓာတ်မြေဩဇာဖြန့်ဖြူးရောင်းချရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း (SOP)အား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများက မိုးစပါးပန်းတိုင်အထွက်တိုးရရှိရန် သွင်းအားစုများ တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးနိုင်ရေး ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများက လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**မန္တလေးနေ့စဉ်**



သတင်း-စာမျက်နှာ ၁၀











## စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနား ကျင်းပ

**မကွေး ဩဂုတ် ၃၀**

သစ်ပင်သစ်တောများသည် လူသားများအပါအဝင် သက်ရှိအားလုံး ရှင်သန်ရပ်တည်နေထိုင်နိုင်ရန် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် သစ်ပင်သစ်တောများ မပြုန်းတီးစေရေးနှင့် သစ်တောသစ်ပင်များ တိုးပွားရှင်သန်စေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မကွေးတိုင်းဒေသကြီးတွင် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက မကွေးမြို့ နံကပ်ကျွန်းကျေးရွာအုပ်စုတွင် ကျင်းပရာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်ချုပ်သိန်းထွန်းဦး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်မိမိမော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝင်းဝင်းမြင့်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သူနာပြုသင်တန်းကျောင်းနှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါစတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် မဲဇလီပင်၊ ဆီးဖြူပင်၊ ဖန်ခါးပင်၊ မန်ကျည်းပင်၊ တမာပင်၊ ပိတောက်ပင်၊ သပေဘူတပင်၊ ခရေပင်၊ မယ်ဇယ်ပင်၊ သခွတ်(ဟင်းငုတ်)ပင်၊ ယင်းမာပင် အစရှိသည့် စုစုပေါင်း အပင် ၁၁မျိုးနှင့် ပျိုးပင်ပေါင်း ၁၀၀၀ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မောင်ခိုင်မင်း(ပြန်ဆက်)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများ ဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်နှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်(ကြော်ငြာဌာနစိတ်)၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ mdydailynewspaper@gmail.com သို့ (၁၅-၉-၂၀၂၅)ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် ကလောင်အမည်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ အပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မဲပေးစက်ဆိုင်ရာ အသိပညာပေးရှင်းလင်း

**ဟိုပုံး ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများ မှန်ကန်မြန်ဆန်လွယ်ကူစွာဖြင့် ဆန္ဒမဲပေးနိုင်ရန် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များ အသုံးပြုသွားမည်ဖြစ်ရာ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက ပေါင်လင်းကျေးရွာအုပ်စု၊ ဗိန့်ပိန်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်သည်။ (အောက်ပုံ)

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဦးအောင်ကျော်သူက ယခုလက်တွေ့စမ်းသပ်မဲပေးခြင်းမှ ရရှိသည့် အတွေ့အကြုံများကို မိမိပတ်ဝန်းကျင်သို့ ထပ်ဆင့်မျှဝေပေးသွားကြရန် ပြောကြားသည်။

ထို့နောက် ပေါင်လင်းကျေးရွာအုပ်စုအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စုပေါင်း၍ စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။

(၃၆၈)



## ကျောင်းသား၊ ကျောင်းသူများအား နေ့လယ်စာ အာဟာရကျွေးမွေး

**မန္တလေး ဩဂုတ် ၃၀**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ "အနာဂတ်ကြယ်ပွင့်ကလေးများ ကျန်းမာဖွံ့ဖြိုးဖို့ ကျောင်းတွင်း အာဟာရမြှင့်တင်စို့" အစီအစဉ်အဖြစ် အခြေခံပညာကျောင်းသား၊ ကျောင်းသူများအား နေ့လယ်စာ အာဟာရကျွေးမွေးခြင်းကို ဩဂုတ် ၂၉ရက် နံနက် ၁၁ နာရီခွဲက မန္တလေး၊ အောင်မြေသာစံမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းအသီးသီး၌ ပြုလုပ်သည်။

အဆိုပါအာဟာရကျွေးမွေးခြင်းအစီအစဉ်ကို အောင်မြေသာစံမြို့နယ်အတွင်းရှိအခြေခံပညာကျောင်း ၅၅ ကျောင်းမှ KG ကျောင်းသား၊ ကျောင်းသူ ၂၁၅၃ ဦးအား ပထမအကြိမ်အဖြစ် ကျွေးမွေးရာ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ကြီးနှင့် ကျောင်းအုပ်ကြီးများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်စင်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများက လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့အပြင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာ၊ ဆရာမများ၊ သူနာပြုများက ကျောင်းသား၊ ကျောင်းသူများအား သွားတိုက်ဆေး၊ သွားတိုက်တံများ အခမဲ့ဝေငှပေးကြပြီး စနစ်တကျလက်ဆေးနည်းနှင့် စနစ်မှန် သွားတိုက်နည်းများကိုလည်း သင်ကြား၊ သရုပ်ပြသပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၉၃)

## ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေးဟောပြော

**မိုင်းဖြတ် ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှစီစဉ်ကျင်းပသည့် ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်ဒေါ်တင်မာလွင်က အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က ယနေ့ခေတ်တွင် ဆိုရှယ်မီဒီယာများမှတစ်ဆင့် ဆက်သွယ်ရေးလိမ်လည်မှုပြဿနာများ၊ ဆက်သွယ်ရေးဥပဒေပုဒ်မအကြောင်း သိကောင်းစရာများ ကို ရှင်းလင်းပြောကြားခဲ့ပြီး အသိပညာပေးဗီဒီယိုဖိုင်အား ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀-၀

ရေနုတ်မြောင်းအတွင်း
စည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ခြင်းဖြင့်
သင်၏ ဂုဏ်ကို မြှင့်တင်ပါ။





## အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှ ကွင်းဆင်းကုသ

**မန္တလေး ဩဂုတ် ၃၀**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)သည် ဧလျှင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်းပြီး ငလျင်ဘေးသင့်ရပ်ကွက်၊ ကျေးရွာများနှင့် ငလျင်ယာယီကယ်ဆယ်ရေးစခန်းများသို့ ကွင်းဆင်း၍ ဆေးကုသပေးလျက်ရှိသည်။ (ဝဲပုံ)

ချမ်းအေးသာစံမြို့နယ်၊ လမ်း ၇၀နှင့်၇၁လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)သို့ ငလျင်ဘေးသင့်ပြည်သူများအား ဆေးကုသနိုင်ရန် ငွေနှင့်ဆေးဝါးများကို လာရောက်လှူဒါန်းလျက်ရှိသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) Mobile Clinic မှ ဒေါက်တာ ရန်နိုင်မိုး၊ အထွေထွေရောဂါကုဆရာဝန်ကြီး ဒေါက်တာမောင်မောင်သန်းနှင့် စိတ်ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာချို့နွယ်ဇင်တို့အဖွဲ့သည် ဩဂုတ် ၂၉ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း၊ အနိုပ်တော်ရပ်ကွက်၊ ရွှေဟသ်ာကျောင်းတိုက်မှ ငလျင်ဘေးသင့်ပြည်သူ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၃၇ ဦး၊ ကလေး ၂၁ ဦးတို့ကို ကျန်းမာရေးစစ်ဆေး၍ အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

(၀၄၅)

# အသိပေးကြေညာခြင်း

မန္တလေးမြို့တော်အား သန့်ရှင်းသာယာလှပသော ခေတ်မီမြို့တော်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အဓိကလမ်းမကြီးများ၊ လမ်း၊ ပလက်ဖောင်း၊ ရေမြောင်းများပေါ်တွင် ကျူးကျော်စုပုံ တည်ခင်းပစ္စည်းထားရှိခြင်း၊ ကျူးကျော်ဆောက်လုပ်ထားရှိခြင်း၊ ကျူးကျော်ရောင်းချခြင်းများကို ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရ အောက်ဖော်ပြပါ တားမြစ်ချက်များကို လိုက်နာရန် ဖြစ်ပါသည်။**

ပုဒ်မ-၁၀၆(စ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူဆိုင်ရာလမ်း၊ စကြံ၊ ပလက်ဖောင်းများပေါ်တွင် ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂများ ချထားခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပစ္စည်းများစုပုံခြင်း၊ ရောင်းချခြင်း၊ ခင်းကျင်းခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း၊ နေလှန်းခြင်း မပြုရ။

ပုဒ်မ-၁၀၆(ဏ) အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကားပါကင်၊ မီးစက်၊ ထရန်စဖော်မာတို့ကို ခွင့်ပြုချက်မရှိဘဲ လမ်းနယ်နိမိတ်အတွင်း သုံးစွဲချထားခြင်း မပြုရ။

ပုဒ်မ-၁၀၉(ဂ) မည်သူမျှ ကော်မတီခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင် သို့မဟုတ် ကုန်တိုက်များ၊ ကိုယ်ပိုင်ဈေးများ ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

ပုဒ်မ-၁၀၉(စ) မည်သူမျှ ကော်မတီခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း နံရံကပ်ဆိုင် ဖွင့်လှစ်ရောင်းချခြင်း မပြုရ။ လှေကားခွင်တွင် ဆိုင်ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

**သို့ဖြစ်ပါ၍ တားမြစ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက အောက်ဖော်ပြပါ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းကို ခံရမည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။**

ပုဒ်မ-၁၁၂(က) ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းများအား ကော်မတီပိုင်အဖြစ် သိမ်းဆည်းခြင်း၊ ဒဏ်ကြေငွေ အနည်းဆုံးငွေဒဏ် ကျပ် ၁၀၀၀၀ မှ အများဆုံး ငွေဒဏ် ကျပ် ၅၀၀၀၀၀ အထိ ချမှတ်ခြင်း၊

ပုဒ်မ-၁၁၂(ခ) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ရရှိသူဖြစ်ပါက သတိပေးခြင်း၊ ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

ပုဒ်မ-၁၁၅။ ထပ်မံကျူးလွန်ပါက အနည်းဆုံး ငွေဒဏ် ကျပ် ၂၀၀၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၂၀၀၀၀၀ ထိ ဖြစ်စေ၊ ထောင်ဒဏ်(၁)လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**



## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT) ဆိုင်ရာ အသိပညာပေးဆွေးနွေး

**မန္တလေး ဩဂုတ် ၃၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ် Y-Mandalay Hotel ၌ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ဦးဆောင်မှုဖြင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး)တို့ ပူးပေါင်းကျင်းပသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT)ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းမှ အရောင်းဆိုင်မှူး၊ ရတနာမောလ် အရောင်းဆိုင်နှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးမြင့်ဟန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဘိုခန့်က ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT) ဆိုင်ရာ အသိပညာမြှင့်တင်ခြင်း ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များအား အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံဗဟိုဘဏ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ Financial Regulartory Depertment(FRD) (ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ Financial Intelligence Unit (FIU) (ငွေကြေးဆိုင်ရာစုံစမ်းရေးအဖွဲ့)များမှ တာဝန်ရှိသူများက (AML/CFT) ဆိုင်ရာအချက်အလက်များအား တက်ရောက်လာသူများကို အသိပညာပေးဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာဌာန၊ အသင်း၊ အဖွဲ့များမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး) ဥက္ကဋ္ဌ(ကိုယ်စား)ဒုတိယ ဥက္ကဋ္ဌ ဦးအေးလွင်က ဆွေးနွေးပွဲပြီးလုပ်ငန်းစီးမှုအပေါ် ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၆)

## ရတနာပုံတက္ကသိုလ်၌ တိုက်ကွမ်ဒိုသင်တန်းဆင်းပွဲနှင့် သရုပ်ပြပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၃၀**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်တွင် တိုက်ကွမ်ဒိုသင်တန်းဆင်းပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီက အဆိုပါတက္ကသိုလ်ရှိ အားကစားခန်းမ(၁)၌ ကျင်းပရာ ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ တိုက်ကွမ်ဒို အားကစားဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်မျိုးထွန်းနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် နည်းစနစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး တိုက်ကွမ်ဒိုဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမြကြိုင်နှင့် သင်တန်းနည်းပြဆရာများ၊ တိုက်ကွမ်ဒိုသင်တန်းသားများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုက်ကွမ်ဒိုအားကစားဆပ်ကော်မတီဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ပို့ချခြင်းရည်ရွယ်ချက်နှင့် သင်တန်းဆင်း ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်နည်းစနစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး တိုက်ကွမ်ဒိုဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူးက တိုက်ကွမ်ဒိုအားကစားနည်းနည်းစနစ်များနှင့် ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများအကြောင်းကို မိတ်ဆက်ရှင်းလင်းကြသည်။

ဆက်လက်၍ သင်တန်းသားများက တိုက်ကွမ်ဒိုသရုပ်ပြကွက်များကို တင်ဆက်ပြသကြသည်။ ထို့နောက် တိုက်ကွမ်ဒိုအားကစားဆပ်ကော်မတီဥက္ကဋ္ဌက ရတနာပုံတက္ကသိုလ်တွင် သင်တန်းပို့ချပေးခဲ့သည့် နည်းပြချုပ် ဦးမြကြိုင်နှင့် သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါတိုက်ကွမ်ဒိုသင်တန်းကို ဇူလိုင်လမှ ဩဂုတ်လအထိ သင်တန်းပို့ချခဲ့ရာ ဘာသာရပ်ဌာနအသီးသီးမှ ကျောင်းသား၊ ကျောင်းသူ ၅၇ ဦး သင်တန်းတက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၈၂)



## အမှိုက်များကို အမျိုးအစားခွဲခြား၍ စနစ်တကျစွန့်ပစ်တတ်စေရန် အသိပညာပေး

**ပွင့်ဖြူ ဩဂုတ် ၃၀**



မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပြနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန် ပြည်သူများအနေဖြင့် အမှိုက်များကို စွန့်ပစ်ရာ၌ အမျိုးအစားခွဲခြား၍ စနစ်တကျ စွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက မြို့မစည်ပင်သာယာဈေး၊ စာသင်ကျောင်းများနှင့် မြို့တွင်းလမ်းဆုံလမ်းခွနေရာများတွင် အမှိုက်အမျိုးအစားခွဲခြား၍ အမှိုက်စွန့်ပစ်နည်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့် ဦးဆောင်သော ဝန်ထမ်းများပူးပေါင်းအဖွဲ့က မြို့ပေါ်ရှိ စာသင်ကျောင်းများ၊ မြို့မစည်ပင်သာယာဈေးအနီးနှင့် မြို့တွင်းလမ်းဆုံလမ်းခွနေရာများသို့ သွားရောက်၍ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ခရီးသွားပြည်သူများကို တွေ့ဆုံကာ မြို့ပြနှင့်သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် အမှိုက်များစွန့်ပစ်ရာတွင် ခြောက်သွေ့သော ကတ်ထူစက္ကူ၊ သံတိုသံစ၊ ပိတ်စ၊ သစ်သားစသည့် စွန့်ပစ်ပစ္စည်းများကို အမှိုက်ခြောက်အဖြစ် သတ်မှတ်ထားသဖြင့် အဝါရောင် အမှိုက်ပုံးတွင် စွန့်ပစ်ကြရန်၊ အမှိုက်အစိုများ၊ မီးဖိုချောင်ထွက်ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံးသန့်ရှင်းရေးပစ္စည်းများကို အစိမ်းရောင်အမှိုက်ပုံးတွင် စွန့်ပစ်ကြရန်၊ ပလတ်စတစ်အမှိုက်များကို အပြာရောင်အမှိုက်ပုံးတွင် စွန့်ပစ်ကြရန်၊ လျှပ်စစ်နှင့်ဓာတုဆိုင်ရာ ဘေးအန္တရာယ်ပစ္စည်းများကို အနီရောင် အမှိုက်ပုံးတွင် စွန့်ပစ်ကြရန် သတ်မှတ်ထားရှိသဖြင့် မိမိတို့စွန့်ပစ်သည့် အမှိုက်များကို အမျိုးအစားအလိုက် ဝါ၊ စိမ်း၊ နီ၊ ပြာ ခွဲခြားကာ စနစ်တကျ စွန့်ပစ်ကြရန် အသိပညာပေးရှင်းလင်းပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများပူးပေါင်းအဖွဲ့က ပြည်သူများ အမှိုက်အမျိုးအစားခွဲခြားပြီး စနစ်တကျစွန့်ပစ်သည့် အလေ့အကျင့်များရရှိစေရန် သတ်မှတ်ထားသော ဝါ၊ စိမ်း၊ နီ၊ ပြာ အမှိုက်ပုံးများအတွင်း အမှိုက်အမျိုးအစားခွဲခြား၍ လက်တွေ့ အမှိုက်စွန့်ပစ်နည်းစနစ်များကို သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၄၄၅)

# ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဖွန်ထန်ဝီချာရာချိုင်းအား ယာယီဝန်ကြီးချုပ်အဖြစ် ခန့်အပ်

ဗန်ကောက် ဩဂုတ် ၃၀

ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပေထုံတန် ရှင်နာဝပ်ထရာကို ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၏ စီရင်ချက်အရ ရာထူးမှ ရပ်စဲလိုက်ပြီးနောက် ဩဂုတ် ၃၀ ရက်တွင် ဒုတိယဝန်ကြီးချုပ် ဖွန်ထန်ဝီချာရာချိုင်းကို ယာယီဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်သည်။

ဝန်ကြီးချုပ်ရုံး ဝန်ကြီးချုပ်ဆက်ဆရီနိလ်က အစိုးရအဖွဲ့အထူးအစည်းအဝေး အပြီးတွင် ပရိမင်လက်ဆူရီဒက်အား ဝန်ကြီးချုပ်ရုံး၏ အထွေထွေအတွင်းရေးမှူးအဖြစ် ခန့်အပ်ကြောင်း ကြေညာသည်။ အစိုးရအဖွဲ့သည် အကူးအပြောင်း ကာလတွင် တည်ငြိမ်မှုရှိစေရန် လုပ်ပိုင်ခွင့်အာဏာထက် ကျော်လွန်ခြင်း မရှိသည့် စည်းမျဉ်းစည်းကမ်းမူဘောင်များကို ချမှတ်အတည်ပြုခဲ့ကြောင်း ချူဆတ်က ပြောကြားသည်။

တရားရုံး၏ စီရင်ချက်ချမှတ်အပြီး ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအရ လက်ရှိအစိုးရအဖွဲ့သည် အစိုးရအဖွဲ့သစ် တက်လာချိန်အထိ အိမ်စောင့်အစိုးရအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

ထိုင်းနိုင်ငံအောက်လွှတ်တော် အထွေထွေ အတွင်းရေးမှူးရုံးက စက်တင်ဘာ ၃ ရက်မှ ၅ ရက်အတွင်း လွှတ်တော်အစည်းအဝေးကျင်းပနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များအား အကြောင်းကြားထားသည်။

အောက်လွှတ်တော် ရုံးက ၂၀၂၃ ခုနှစ် မေလအထွေထွေ ရွေးကောက်ပွဲမတိုင်မီ တင်သွင်းထားသည့် ဝန်ကြီးချုပ်လောင်း အမည်စာရင်းအပေါ် မူတည်၍ ဝန်ကြီးချုပ်သစ်ကို မဲပေးရွေးချယ်တင်မြှောက်ရန် စီစဉ်ထားသည်။

ဆင်ဟွာ



ယာယီဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရသူ ဖွန်ထန်ဝီချာရာချိုင်း။

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## ဗြိတိန်နိုင်ငံ အက်ဒင်ဘာရာမြို့မှ ညီအစ်ကိုသုံးဦး ပစိဖိတ်သမုဒ္ဒရာကို လှေလှော်ဖြတ်ကျော်ခြင်း စံချိန်သစ်တင်

လန်ဒန် ဩဂုတ် ၃၀

ဗြိတိန်နိုင်ငံ အက်ဒင်ဘာရာမြို့မှ ညီအစ်ကိုသုံးဦးသည် ပစိဖိတ်သမုဒ္ဒရာကို အဆက်မပြတ်နှင့် အကူအညီမပါဘဲ လှေလှော်ဖြတ်ကျော်ခြင်းအတွက် စံချိန်သစ်တင်လိုက်ကြောင်း သိရသည်။

၎င်းတို့ညီအစ်ကိုသုံးဦးသည် ပင်လယ်ပြင်တွင် ရက်ပေါင်း ၁၄၀ နီးပါးကြာ လှေလှော်ခဲ့ပြီး မိုင် ၉၀၀၀ (၁၄၄၈၄ ကီလိုမီတာ) အကွာရှိ ပီရူးမှ ဩစတြေးလျသို့ ခရီးနှင်ခဲ့ရာ လေပြင်းမုန်တိုင်းများနှင့် ကြုံတွေ့ခဲ့ရသဖြင့် ခရီးလမ်းကြောင်းကို အချိန်အတန်ကြာ ကွေ့ပတ်သွားခဲ့ရသည်။

မုန်တိုင်းတစ်ခုအတွင်း လှိုင်းလုံးကြီးတစ်ခုက လပ်ခလန်ကို လှေပေါ်မှ ပင်လယ်ထဲသို့ မျောပါသွားစေခဲ့သော်လည်း လှေပေါ်သို့ ပြန်ဆွဲတင်နိုင်ခဲ့သည်။

ဩစတြေးလျအရှေ့ပိုင်း ကိန်းစ်မြို့၌ မိသားစုနှင့် သူငယ်ချင်းများဖြင့် ပြန်လည်ဆုံဆည်းခဲ့ကြသော ယင်းညီအစ်ကိုများသည် ပီဇာစားရန်နှင့် ကောင်းမွန်စွာ အိပ်စက်အနားယူရန် မျှော်လင့်နေကြသည်။

ထိုစကော့တလန်ညီအစ်ကိုများသည် ၂၀၁၄ ခုနှစ်တွင် ရုရှားလူမျိုး တစ်ကိုယ်တော်လှေလှော်သမား ဖျိုဒေါ်ကွန်ယူခေါ့ဗ် တင်ခဲ့သည့် ပစိဖိတ်သမုဒ္ဒရာကို အကူအညီမပါဘဲ အမြန်ဆုံး အဆက်မပြတ်လှော်ခတ်မှု စံချိန်ဖြစ်သော ရက်ပေါင်း ၁၆၂ ရက်ကို ချိုးဖျက်နိုင်ခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0



# တရုတ်ကားကုမ္ပဏီများ ကမ္ဘာ့ရောင်းအားထိပ်ဆုံးသို့ တက်လှမ်းလာ ဘီဝိုင်ဒီနှင့် ဂီးလီထိပ်တန်း အဆင့် ၇ နှင့် ၈ နေရာသို့ ရောက်ရှိ

ပေကျင်း ဩဂုတ် ၃၀

တရုတ်ကားကုမ္ပဏီများသည် ကမ္ဘာ့ရောင်းအားအဆင့်သတ်မှတ်ချက်တွင် ထိပ်ဆုံးသို့ တက်လှမ်းလာသည်နှင့်အမျှ ပြည်တွင်း၊ ပြည်ပရှိ ကားသုံးသူများအတွက် ခေတ်မီပြီး ဈေးနှုန်းသက်သာသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သယ်ယူပို့ဆောင်ရေးနည်းလမ်းများကို ရယူထားနိုင်ပြီးဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



ရုန်ဟိုင်းအခြေစိုက် စီးပွားရေးမီဒီယာဖြစ်သည့် ယီစိုင်က စုဆောင်းထားသော အချက်အလက်များအရ ယခုနှစ် ပထမခြောက်လတွင် တရုတ်အမှတ်တံဆိပ်များဖြစ်သော ဘီဝိုင်ဒီနှင့် ဂီးလီတို့သည် ကမ္ဘာ့ထိပ်တန်း ကားထုတ်လုပ်သည့် ကုမ္ပဏီ ၁၀ ခုတွင် အဆင့် ၇ နှင့် ၈ နေရာသို့ တက်လှမ်းလာခဲ့ပြီး ဟွန်ဒါနှင့် နစ်ဆန်းကဲ့သို့သော နိုင်ငံခြားကုမ္ပဏီကြီးများကို ပထမဆုံးအကြိမ်အဖြစ် ကျော်တက်နိုင်ခဲ့သည်။

ယမန်နှစ်က အဆိုပါကားနှစ်မျိုးသည် ရောင်းအားအဆင့်သတ်မှတ်ချက်အရ အဆင့် ၈ နှင့် ၁၀ နေရာတွင် အသီးသီးရှိခဲ့သည်။

ဇန်နဝါရီလမှ ဇွန်လအထိ ကာလတွင် ဘီဝိုင်ဒီသည် ရောင်းအား ၃၃ ရာခိုင်နှုန်းနှင့် ဂီးလီသည် ရောင်းအား ၂၉ ရာခိုင်နှုန်း အသီးသီး တိုးလာခဲ့သည်။ ၎င်းတို့သည် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီ ၁၀ ခုတွင် နှစ်လုံးပတ်တိုးတက်မှုနှုန်းရရှိခဲ့သော တစ်ခုတည်းသော ကားကုမ္ပဏီနှစ်ခုဖြစ်သည်ဟု ယီစိုင်က ဖော်ပြသည်။

တရုတ်ကုမ္ပဏီနှစ်ခုလုံး၏ တိုးတက်မှု အရှိန်အဟုန်သည်လည်း အံ့မခန်းဖြစ်ခဲ့ကြောင်း သိရသည်။

Mon

# အာရှဖွံ့ဖြိုးရေးဘဏ်မှ ပါကစ္စတန်ရေဘေးအတွက် အမေရိကန်ဒေါ်လာ သုံးသန်း ကူညီပံ့ပိုး

အစ္စလာမ္မာဘတ် ဩဂုတ် ၃၀

ပါကစ္စတန်နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများကို ထောက်ပံ့ပေးနိုင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ အရေးပေါ်အကူအညီ အမေရိကန်ဒေါ်လာ သုံးသန်း ကူညီပံ့ပိုးမည်ဖြစ်ကြောင်း ကြေညာသည်။

အာရှ-ပစိဖိတ် သဘာဝဘေးတုံ့ပြန်ရေးရန်ပုံငွေမှ ပေးအပ်မည့် အဆိုပါထောက်ပံ့ငွေသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေး လုပ်ငန်းနှစ်ရပ်စလုံးအတွက် အထောက်အပံ့ပေးနိုင်ရန်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မာဆာတိုကန်ဒါက ဩဂုတ် ၂၉ ရက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ပြောကြားထားသည်။

ပါကစ္စတန်တွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ရေကြီးရေလျှံမှုကြောင့် အနည်းဆုံး လူ ၂၂ ဦး သေဆုံးခဲ့ပြီး လူပေါင်း ၁ ဒသမ ၅ သန်းကျော် ရေဘေးသင့်ခဲ့ရကြောင်း အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေမှုကြောင့် အခြေအနေပိုမိုဆိုးရွားလာနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။

ဆင်ဟွာ

# ဗြိတိန်နှင့် အမေရိကန်၌ နှစ် ၂၀ အတွင်း စာဖတ်နှုန်း တစ်နှစ်လျှင် ၃ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်ဟု ဆို

လန်ဒန် ဩဂုတ် ၃၀

ဗြိတိန်နိုင်ငံ လန်ဒန်တက္ကသိုလ်ကောလိပ်နှင့် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါတက္ကသိုလ်မှ သုတေသီများသည် ၂၀၀၃ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ပြည်တွင်းရှိ အချက်အလက်များကို စစ်ဆေးခဲ့ရာ တစ်ရက်တာ ပျော်ရွှင်စွာစာဖတ်သည်ဟု ဖော်ပြသူများ၏ ရာခိုင်နှုန်းသည် ၂၀၀၄ ခုနှစ်တွင် အမြင့်ဆုံး ၂၈ ရာခိုင်နှုန်းမှ ၂၀၂၃ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားပြီး ရာခိုင်နှုန်းအားဖြင့် ၄၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း သိရသည်။

နှစ် ၂၀ အတွင်း စာဖတ်နှုန်းသည် တစ်နှစ်လျှင် ၃ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်။ ပျော်ရွှင်စွာ စာဖတ်ခြင်းသည် ၁၉၄၀ ပြည့်နှစ်များကတည်းက ကျဆင်းလာကြောင်း အထောက်အထားများ ရှိနေသည်ဟု သုတေသီများက ထောက်ပြသည်။

ယခုလေ့လာမှုတွင် ပုံနှိပ်စာအုပ်များ၊ မဂ္ဂဇင်းများနှင့် သတင်းစာများသာမက အီလက်ထရွန်းနစ်နှင့် အော်ဒီယိုပုံစံများကိုပါ ကျယ်ပြန့်စွာ ထည့်သွင်းစဉ်းစားထားသော်လည်း ယခုနောက်ဆုံး ကျဆင်းမှုပမာဏသည် "အံ့ဩစရာ" ဖြစ်သည်ဟု ၎င်းတို့က မှတ်ချက်ပြုသည်။

ယခင်လေ့လာမှုများစွာ၏ ရလဒ်များကို အီလက်ထရွန်းနစ်နှင့် အော်ဒီယိုစာအုပ်များကို တိတိကျကျ ထည့်သွင်းတွက်ချက်ခြင်း မပြုလုပ်ခဲ့သောကြောင့် မေးခွန်းထုတ်နိုင်သည်ဟု လေ့လာမှုတွင် ပူးတွဲရေးသားသူဖြစ်သည့် လန်ဒန်တက္ကသိုလ်ကောလိပ်မှ စိတ်ဇီဝဗေဒနှင့် ကပ်ရောဂါဗေဒ ပါမောက္ခ ဒေစီဖန်ကော့တ်က ပြောကြားခဲ့သည်။



အမေရိကန်နိုင်ငံသားများ စာဖတ်နှုန်း နည်းပါးလာရခြင်း အကြောင်းရင်းနှင့် ပတ်သက်၍ ယင်းလေ့လာမှုက အဖြေမပေးနိုင်ခဲ့သော်လည်း စီးပွားရေးဖိအားကြောင့် လူမှုမီဒီယာနှင့် အခြားနည်းပညာများ အသုံးပြုမှု မြင့်တက်လာခြင်း သို့မဟုတ် အလုပ်ခွင်တွင် အချိန်ပိုပေးလာခြင်း တို့သည် ဖြစ်နိုင်သော အကြောင်းရင်းအချို့ ဖြစ်နိုင်သည်ဟု စာတမ်းရေးသားသူများက ထောက်ပြသည်။

စာဖတ်နှုန်း ကျဆင်းမှုသည် အမေရိကန်နိုင်ငံသားများ၏ သင်ယူမှု၊ ဆက်ဆံရေးနှင့် ဘဝတစ်ခုလုံး၏ သုခချမ်းသာကို သက်ရောက်မှု ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

Mon

## လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ



**သရက် ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်)တွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့်အရာအားလုံးကို ဉာဏ်ပညာနှင့် ဆန်းစစ်၊ သုံးသပ်၊ ဆုံးဖြတ်ဆောင်ရွက်နိုင်ရန် စာကြည့်တိုက်များတွင် အကျိုးရှိသည့် စာအုပ်၊ စာပေများကို များများ ဖတ်ရှုကြရန် တိုက်တွန်းခဲ့သည်။

ထို့နောက် သရက်ခရိုင် ဥပဒေအရာရှိ ဦးလှမြင့်က ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေး ဗီဒီယိုအား ပြသသည်။ ထို့နောက် သရက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေမျိုးပိုင်က 'လူငယ်များဖတ်ရှုသင့်သောအတ္ထုပ္ပတ္တိစာပေ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သရက်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သူဇာထွန်းက 'ကြိုတင်ကာကွယ် သဘာဝဘေးအန္တရာယ်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမှတ်(၁၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူးကျော်ဇောက 'ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း'တို့ကို လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**(အပေါ်ဓါတ်ပုံ)**

**ဇော်ထက်(သရက်)**

*-*-*-*-*

*-*-*-*-*-*

ဖတ်စရာ၊ မှတ်စရာ စုံလင် ယုဇနလေး

### ပြေးမလွတ်နိုင်ပြီ

* ကျန်ခဲ့၊ နေခဲ့
ဝေးခဲ့ရပြီ
ငယ်ကအစ
လူ့ဘဝ။
* ကျန်ခဲ့၊ ဝေးခဲ့
နေခဲ့ရပြီ
ပညာသင်စ
(၀)လုံးက။
* ဝေးခဲ့၊ ကျန်ခဲ့
နေခဲ့ကြပြီ
နသစ်တက်ကြွ
လူငယ်ဘဝ။
* နေခဲ့၊ ကျန်ခဲ့
ဝေးခဲ့ကြပြီ
အပျိုသင်စ
ချစ်တတ်စ။
* ဘယ်လောက်ပြေးပြေး
မဝေးစေဘဲ
ဘယ်လိုပစ်ပစ်
မနေရစ်ဘဲ
ဘယ်လိုချန်ချန်
မကျန်နေဘဲ
ထက်ကြပ်မကွာ
လိုက်ပါလာသည်
(အို၊ နာ၊ သေ)ဘေး
"အကုသိုလ်"ဘေး······။ ။

**စိုးဝင်း(ဆသရ)**

## စာဖတ်ရှိန်မြှင့်တင်ရေး Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေး

**မိုင်းခတ် ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းနှင့် စာအုပ်များ အသစ်လဲလှယ်ပေးခြင်းကို အပတ်စဉ်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ရက် နံနက် ၁၀ နာရီခွဲက မိုင်းခတ်မြို့၊ အမှတ်(၂)ရပ်ကွက်ရှိ စာဖတ်ပရိသတ်များထံ စာအုပ်များ ငှားရမ်းပေးခဲ့သည်။ **(အပေါ်ယာပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာကြည့်တိုက်သို့ လာရောက်ငှားရမ်းရန် အခက်အခဲရှိနေသည့် စာဖတ်ပရိသတ်များအတွက် စာပေဖတ်ရှုမှုအဆင်ပြေစေရန်နှင့် အသိပညာဗဟုသုတများတိုးပွားစေရန် ရည်ရွယ်၍ သုတ၊ ရသစာအုပ်များကို ငှားရမ်းပေးလျက်ရှိရာ Mobile Library စနစ်ဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများအား စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းနှင့် အသစ်လဲလှယ်ပေးခြင်းတို့ကို အပတ်စဉ်သောကြာနေ့တိုင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**







မျက်စိလှုူကြ မျက်ကြည်ရ၊ မြတ်သည့်လှုူဒါန။

## ဇီဝဆိုင်ရာအချက်အလက်စာရင်း ကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ဇမ္ဗူသီရိ ဩဂုတ် ၃၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက် အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူလေးများအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ဇီဝဆိုင်ရာအချက်အလက်(Biometric Data)ကောက်ယူခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် နိုင်ငံအတွင်းနေထိုင်သူ အသက်(၁၀)နှစ်နှင့်အထက် နိုင်ငံသားတို့၏ Biographic Data နှင့် Database တွင် သိမ်းဆည်းပြီး ဂဏန်း ၁၀ လုံးပါဝင်သည့် Unique ID နံပါတ်သတ်မှတ်၍ မှတ်ပုံတင်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ယာပုံ) မြို့နယ်(ပြန်/ဆက်)**





## လူထုအခြေပြုဗဟိုဌာနတွင် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

**စဉ့်ကိုင် ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀နာရီက လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ခန်းမအတွင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

*-*-*-*-*

*-*-*-*-*-*






## နည်းပြ မော်ရင်ဟိုကို နည်းပြရာထူးမှ ဖီနာဘာချီအသင်း ထုတ်ပယ်

**လန်ဒန် ဩဂုတ် ၃၀**

တူရကီကလပ် ဖီနာဘာချီအသင်းသည် အသင်းနည်းပြ မော်ရင်ဟိုကို နည်းပြရာထူးမှ ထုတ်ပယ်လိုက်ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

ဖီနာဘာချီအသင်းသည် ချန်ပီယံလိဂ် Play-offs ပွဲစဉ် ဒုတိယအကျော့တွင် ဘင်ဖီကာအသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် နည်းပြ မော်ရင်ဟိုကို ချက်ချင်းဆိုသလို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ မော်ရင်ဟိုသည် ဖီနာဘာချီအသင်းကို ၂၀၂၄ခုနှစ် ဇွန် ၂ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၆၂ပွဲတွင်၊ ၃၇ပွဲနိုင်၊ ၁၄ပွဲသရေ၊ ၁၁ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဖီနာဘာချီအသင်းထုတ်ပြန်ချက်တွင် "နည်းပြ မော်ရင်ဟိုကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ" ဟု ထုတ်ပြန်သည်။ **(အပေါ်ဝဲပုံ) (NGB)**

## မားတီးယပ်စ်ဟနန်ဒက်စ်ကို စတာလင်ပေါင် သန်း ၄၀ ဖြင့် ဝက်စ်ဟမ်းအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၃၀**

ဝက်စ်ဟမ်းအသင်းသည် ဆောက်သမ်တန်အသင်း ကွင်းလယ်ကစားသမား မားတီးယပ်စ်ဖာနန်ဒက်စ်ကို စတာလင်ပေါင် သန်း ၄၀ဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဝက်စ်ဟမ်းအသင်းတွင် ကျောနံပါတ် (၁၈)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား မားတီးယပ်စ်ဖာနန်ဒက်စ်သည် ဆောက်သမ်တန်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၆ပွဲ ကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ခုနစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(အောက်ပုံ) (NGB)**







## ဇာဘီဆိုင်မွန်စ် စပါးအသင်းတွင် ကျောနံပါတ် (၇)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၃၀**

ကွင်းလယ်တိုက်စစ်ကစားသမားသစ် ဇာဘီဆိုင်မွန်စ်သည် စပါးအသင်းတွင် ကျောနံပါတ်(၇) ဂျာစီ ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် လိုက်ပဇစ်အသင်းမှ စပါးအသင်းသို့ ယူရို သန်း ၆၀ ဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ဇာဘီဆိုင်မွန်စ်သည် လိုက်ပဇစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၈ပွဲကစားပြီး ၂၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ဇာဘီဆိုင်မွန်စ်အနေဖြင့် စပါးအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။**(အပေါ်ပုံ)** **(NGB)**




## ဆီဘာယ်လို့စ်ကို ခေါ်ယူရန် ဂျူဗင်တပ်အသင်း စီစဉ်

**တူရင် ဩဂုတ် ၃၀**

ဂျူဗင်တပ်အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဆီဘာယ်လို့စ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၃ ပွဲကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းကလည်း ဆီဘာယ်လို့စ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းထံမှ ဆီဘာယ်လို့စ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ) (NGB)**

## 2025 US Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Carlos Alcaraz တက်ရောက်

**နယူးယောက် ဩဂုတ် ၃၀**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော် အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 US Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2025 US Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် အီတလီတင်းနစ်ကစားသမား Luciano Darderi ကို ၆-၂၊ ၆-၄၊ ၆-၀ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 US Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် ပြင်သစ်တင်းနစ်ကစားသမား Arthur Rinderknech တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**



### အာရှချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ(အုပ်စု-က)ပွဲစဉ် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၃၁-၈-၂၀၂၅ တနင်္ဂနွေနေ့ | ညနေ၄း၀၀နာရီ | စင်္ကာပူ ... see below |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊ ၂ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၁-၈-၂၀၂၅ တနင်္ဂနွေနေ့ | ည ၇း၃၀နာရီ | (၁၈) ဘရိုက်တန် (D,L) - မန်စီးတီး (၆) (W,L) | ဘရိုက်တန် ၂-၁ မန်စီးတီး<br>မန်စီးတီး ၂-၂ ဘရိုက်တန် |
| ။ | ။ | (၅) နော့တင်ဟမ် (W,D) - ဝက်စ်ဟမ်း (၂၀) (L,L) | နော့တင်ဟမ် ၃-၀ ဝက်စ်ဟမ်း<br>ဝက်စ်ဟမ်း ၁-၂ နော့တင်ဟမ် |
| ။ | ည ၁၀း၀၀နာရီ | (၃) လီဗာပူး (W,W) - အာဆင်နယ် (၁) (W,W) | လီဗာပူး ၂-၂ အာဆင်နယ်<br>အာဆင်နယ် ၂-၂ လီဗာပူး |
| ၁-၉-၂၀၂၅ တနင်္လာနေ့ | နံနက် ၀၀း၃၀နာရီ | (၁၇) ဗီလာ (D,L) - ပဲလေ့စ် (၁၄) (D,D) | ဗီလာ ၂-၂ ပဲလေ့စ်<br>ပဲလေ့စ် ၄-၁ ဗီလာ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊ ၂ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၁-၈-၂၀၂၅ တနင်္ဂနွေနေ့ | ည ၇း၃၀နာရီ | (၁၁) အန်ဂါစ် (W,L) - ရင်းနက်စ် (၁၃) (W,L) | အန်ဂါစ် ၀-၃ ရင်းနက်စ်<br>ရင်းနက်စ် ၂-၀ အန်ဂါစ် |
| ။ | ည ၉း၄၅နာရီ | (၁၆) လီဟာဗာ (L,L) - နိစ် (၉) (L,W) | လီဟာဗာ ၁-၃ နိစ်<br>နိစ် ၁-၁ လီဟာဗာ |
| ။ | ။ | (၈) မိုနာကို (W,L) - စထရာဘိုး (၄) (W,W,) | မိုနာကို ၀-၀ စထရာဘိုး<br>စထရာဘိုး ၁-၃ မိုနာကို |
| ။ | ။ | (၁၇) ပဲရီ (L,L) - မက်ဇ် (၁၈) (L,L) | ပဲရီ ၁-၂ မက်ဇ်<br>မက်ဇ် ၃-၁ ပဲရီ |
| ၁-၉-၂၀၂၅ တနင်္လာနေ့ | နံနက် ၀၁း၄၅နာရီ | (၁) လိုင်ယွန် (W,W) - မာဆေး (၇) (L,W) | လိုင်ယွန် ၂-၃ မာဆေး<br>မာဆေး ၃-၂ လိုင်ယွန် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ် ၁ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၁-၈-၂၀၂၅ တနင်္ဂနွေနေ့ | ည ၈း၀၀နာရီ | (၃) ဝုဖ်ဘတ် (W) - မိန့်ဇ် (၁၄) (L) | ဝုဖ် ၄-၃ မိန့်ဇ်<br>မိန့်ဇ် ၂-၂ ဝုဖ် |
| ။ | ည ၁၀း၀၀နာရီ | (၈) ဒေါ့မွန် (D) - ယူနီယံဘာလင် (၅) (W) | ဒေါ့မွန် ၆-၀ ယူနီယံဘာလင်<br>ယူနီယံဘာလင် ၂-၁ ဒေါ့မွန် |
| ၁-၉-၂၀၂၅ တနင်္လာနေ့ | နံနက် ၀၀း၀၀နာရီ | (၇) ကိုလုံး (W) - ဖရိုင်းဘတ် (၁၅) (L) | ကိုလုံး ၀-၀ ဖရိုင်းဘတ်<br>ဖရိုင်းဘတ် ၂-၀ ကိုလုံး |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ် ၁၊ ၂ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၁-၈-၂၀၂၅ တနင်္ဂနွေနေ့ | ည ၉း၃၀နာရီ | (၁၅) ဆဲလ်တာဗီဂို (L,D) - ဗီလာရီးရဲလ် (၁) (W,W) | ဆဲလ်တာဗီဂို ၃-၀ ဗီလာရီးရဲလ်<br>ဗီလာရီးရဲလ် ၄-၃ ဆဲလ်တာဗီဂို |
| ။ | ည ၁၁း၃၀နာရီ | (၇) ဘက်တစ် (D,W) - ဘီလ်ဘာအို (၅) (W,W) | ဘက်တစ် ၂-၂ ဘီလ်ဘာအို<br>ဘီလ်ဘာအို ၁-၁ ဘက်တစ် |
| ၁-၉-၂၀၂၅ တနင်္လာနေ့ | နံနက် ၀၀း၀၀နာရီ | (၆) အက်စ်ပန်ညို (W,D) - အိုဆာဆူနာ (၁၀) (L,W) | အက်စ်ပန်ညို ၀-၀ အိုဆာဆူနာ<br>အိုဆာဆူနာ ၂-၀ အက်စ်ပန်ညို |
| ။ | နံနက် ၀၂း၀၀နာရီ | (၈) ဗယ်လက်ကာနို (W,L) - ဘာစီလိုနာ (W,W) | ဗယ်လက်ကာနို ၁-၂ ဘာစီလိုနာ<br>ဘာစီလိုနာ ၁-၀ ဗယ်လက်ကာနို |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ် ၁ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၁-၈-၂၀၂၅ တနင်္ဂနွေနေ့ | ည ၁၁း၀၀နာရီ | (၁၄) ဂျီနိုအာ (D) - ဂျူဗင်တပ် (၃) (W) | ဂျီနိုအာ ၀-၃ ဂျူဗင်တပ်<br>ဂျူဗင်တပ် ၁-၀ ဂျီနိုအာ |
| ။ | ။ | (၂၀) တိုရီနို (L) - ဖီအိုရင်တီးနား (၉) (W) | တိုရီနို ၀-၁ ဖီအိုရင်တီးနား<br>ဖီအိုရင်တီးနား ၁-၁ တိုရီနို |
| ၁-၉-၂၀၂၅ တနင်္လာနေ့ | နံနက် ၀၁း၄၅နာရီ | (၁) အင်တာမီလန် (W) - အူဒီးနီးစ် (၈) (D) | အင်တာမီလန် ၂-၁ အူဒီးနီးစ်<br>အူဒီးနီးစ် ၂-၃ အင်တာမီလန် |
| ။ | ။ | (၁၈) လာဇီယို (L) - ဗီရိုနာ (၁၂) (D) | လာဇီယို ၂-၁ ဗီရိုနာ<br>ဗီရိုနာ ၀-၃ လာဇီယို |

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၃)၊ ဦးပိုင်နံပါတ်(၃၈)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးတင်အုန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ကိုဦး(ဘ)ဦးစံရွှေ(၉/ပဘန(နိုင်)၂၁၆၆၄၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ
**ဦးစည်သူအောင်(LL.B)** အထက်တန်းရှေ့နေ
**ဒေါ်သဲမို့မို့ထွန်း(LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃၀)၊ ဦးပိုင်နံပါတ်(၈၉)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန္တာနွယ်(ဘ)ဦးနွယ်ဦး(၉/မရမ(နိုင်)၀၈၂၅၁၀) [၎င်း၏ကိုယ်စား ဦးနွယ်ဦး(ဘ) ဦးရီ(၉/မရမ(နိုင်)၀၂၀၆၉၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ
**ဦးစည်သူအောင်(LL.B)** အထက်တန်းရှေ့နေ
**ဒေါ်သဲမို့မို့ထွန်း(LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၁၀)၊ ဦးပိုင်နံပါတ်(၈၉)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ဒေါ်ခင်နန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကြည်ရွှေ(ဘ) ဦးစိန်ဝင်း (၁/မညန(နိုင်) ၀၇၂၉၂၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ
**ဦးစည်သူအောင်(LL.B)** အထက်တန်းရှေ့နေ
**ဒေါ်သဲမို့မို့ထွန်း(LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၆)၊ ဦးပိုင်အမှတ်(၆၉)၊ မြေကွက်ပေါ်တွင် ဒေါ်ယဉ်ငြိမ်းအေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၀၁၂၁၈)က RC-၂ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊**
**အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၅)၊ ဦးပိုင်အမှတ်(၂ + ၃ + ၄ + ၅၁ + ၅၃ + ၅၄ + ၅၅ + ၅၆)၊ မြေကွက်ပေါ်တွင် ဒေါ်ရွှေငွေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၁၆၅၀၆၇)က RC ၃ ထပ် (၂)လုံးအဆောက်အအုံဆောက် လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊**
**အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၂+၁၉)၊ မြေကွက်ပေါ်တွင် ဒေါ်သီရိလွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၁၈၆၁၃)က SS-၃ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊**
**အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၃)၊ ဦးပိုင်အမှတ်(၂၂-ခ)၊ မြေကွက်ပေါ်တွင် ဒေါ်ယဉ်သင်းကြူ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမရ(နိုင်)၀၉၁၆၀၈)က RC-၂ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊**
**အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၅၆)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ ဒေါ်ယဉ်ယဉ်နိုင် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ပေ(၄၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝန်းခြံအကာ အရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိ လက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ယဉ်ယဉ်နိုင်(ဘ)ဦးတန်ဖိုင်ဖောင်း(ခ)မြင့်ဝင်း(၉/မရမ (နိုင်) ၀၀၅၃၁၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမှုရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကျော့ကျော့နိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉-၂၅၆၀၂၆၈၇၆၊ ၀၉-၇၉၈၇၈၃၄၅၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၇၅)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၀ ဒသမ ၀၂၄၉)ဧက အကျယ်အဝန်းရှိ ဦးတင်အောင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးတင်အောင်(ဘ) ဦးအွတ်စမန်းကာကာ(၁/ဗမန(နိုင်)၀၃၅၆၁၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမှုရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဒေါ်အေးအေးမိုး(LL.B(Q),D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၆၅)**
**အကွက်(စစ-၆)/၁၀၀)၊ အောင်ပင်လယ်ရပ်ကွက်၊ ၅၄(ဘီ)လမ်း၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၄၀၃၅၄၀၅၊ ၀၉-၇၉၇၂၄၄၅၁၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၀)၊ ဦးပိုင်အမှတ်(၄၁)အတွင်းမှ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်(မီးမီတာ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်အေးအေးအောင်(၉/မရမ(နိုင်)၀၄၉၀၀၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမှုရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)** တရားလွှတ်တော်ရှေ့နေ

**အမှတ်(ဒ-၁၁ / ၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း: 09- 2070007 , 09- 792070007 , 09- 43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၉လမ်းနှင့် ၃၇-Aလမ်းထောင့်၊ အကွက်အမှတ်(မ-၅၈/၁)၊ ဦးပိုင်အမှတ်(၆-ခ)၊ ဧရိယာဧက(၀ ဒသမ ၀၂၁၁) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်(အုတ်တံတိုင်းခတ်ပြီး)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးစိုင်းဖုန်း(၉/မမန(နိုင်) ၀၂၂၆၇၅)၊ ဒေါ်နန်းသောင်းမေ(၁၃/မဆတ(နိုင်)၀၀၃၀၉၂)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍(၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမှုရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)** တရားလွှတ်တော်ရှေ့နေ

**အမှတ်(ဒ-၁၁ / ၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း: 09-2070007 , 09-792070007 , 09-43250000**


❖ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအထောက်အကူပြုနိုင်သည့် အင်အားများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၀ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



## အပူပိုင်းမုန်တိုင်း "နောင်ဖ" ၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၃၀

**အပူပိုင်းမုန်တိုင်း "နောင်ဖ" (NONGFA) အခြေအနေ**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ဗီယက်နမ်နိုင်ငံ ကမ်းခြေကို ဗင့်မြို့အနီးမှ စတင်ဖြတ်ကျော်ခဲ့သော အပူပိုင်းမုန်တိုင်း "နောင်ဖ" (NONGFA)သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းသို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။

**နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အပူပိုင်းမုန်တိုင်း "နောင်ဖ" သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အပူပိုင်းမုန်တိုင်းငယ်အဖြစ် တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ အပူပိုင်းမုန်တိုင်း "နောင်ဖ" ၏ အရှိန်ကြောင့် ယနေ့ညနေမှ စက်တင်ဘာ ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ စာမျက်နှာ ၇ သို့ ✰

## တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် နောင်ချို-အုမ္မသီး-ဟိုခို-မိုးကုတ် လမ်းပိုင်းနှင့် ပြင်ဦးလွင်-ကျောက်မဲလေး-သံဘို-ဟိုခို လမ်းပိုင်းနေရာများအား ပြန်လည်သိမ်းပိုက်ရရှိ

နေပြည်တော် ဩဂုတ် ၃၀

တပ်မတော်အနေဖြင့် TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် နောင်ချိုမြို့အား ပြန်လည်သိမ်းပိုက် ထိန်းချုပ်ခဲ့ပြီး ပြည်ထောင်စုလမ်းမကြီးဖြစ်သော မန္တလေး-လားရှိုး-မူဆယ် လမ်းမကြီးပေါ်ရှိ အဓိကလမ်းကြောင်းတစ်ခုဖြစ်သည့် နောင်ချို-ကျောက်မဲလမ်းပိုင်းအားပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နယ်မြေရှင်းလင်းရေး လုပ်ငန်းများကို ခဲရာခဲဆစ်ဖြင့် ဆောင်ရွက်ခဲ့ရာ နောင်ပိန်ကျေးရွာ၊ ပင်ပေါ်ကျေးရွာ၊ နောင်ပစ်လမ်းခွဲနှင့် ဂုတ်တွင်းတံတား၊ ဂုတ်ထိပ်တံတားနှင့် အဆိုပါ ဒေသတစ်ဝိုက်တို့ကို စာမျက်နှာ ၈ သို့ ❖



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် အကျဉ်းဦးစီးဌာန (ကုန်းစံ)အား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

## အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ခြေစစ်ပွဲ အုပ်စုပွဲစဉ်အဖြစ် အား/ကာသိပ္ပံအသင်းနှင့် Stallion Laguna FC အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဩဂုတ် ၃၀**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မြန်မာကလပ် အား/ကာသိပ္ပံအသင်းနှင့် ဖိလစ်ပိုင်ကလပ် Stallion Laguna FC အသင်းတို့ ယနေ့ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာကလပ် အား/ကာသိပ္ပံအသင်းသည် အုပ်စုပွဲစဉ်နှစ်ပွဲတွင် ဂူအမ်ကလပ် Stry-kers FC အသင်းနှင့် မွန်ဂိုလီးယားကလပ် Khovd West-ern FC အသင်းတို့အား အနိုင်ရရှိထားသည်။

မြန်မာကလပ် အား/ကာသိပ္ပံအသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ် ခြေစစ်ပွဲအုပ်စုပွဲစဉ်အဖြစ် ဩဂုတ် ၃၁ ရက် (ယနေ့) မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် ဖိလစ်ပိုင်ကလပ် Stallion Laguna FC အသင်းနှင့် ရန်ကုန်မြို့ သုဝဏ္ဏကွင်းကြီးတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)





## ပရီးမီးယားလိဂ် ပွဲစဉ်(၃)တွင် ချဲလ်ဆီး၊ မန်ယူ၊ အဲဗာတန်၊ ဘုန်းမောက်နှင့် ဆန်းဒါးလန်းတို့ နိုင်ပွဲကိုယ်စီရယူနိုင်ခဲ့

**လန်ဒန် ဩဂုတ် ၃၀**

ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)တွင် ချဲလ်ဆီး၊ မန်ယူ၊ အဲဗာတန်၊ ဘုန်းမောက်နှင့် ဆန်းဒါးလန်းအသင်းတို့ နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့ကြသည်။

ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၆နာရီက ချဲလ်ဆီးအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ပွဲစဉ်တွင် ချဲလ်ဆီးအသင်းက ဖူလ်ဟမ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၈နာရီခွဲက မန်ယူအသင်းနှင့် ဘန်လေအသင်းတို့ ပွဲစဉ်တွင်လည်း မန်ယူအသင်းက ဘန်လေအသင်းကို၊ သုံးဂိုး၊ နှစ်ဂိုးဖြင့်လည်းကောင်း၊ အဲဗာတန်အသင်းက ဝုဖ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် လည်းကောင်း၊ ဘုန်းမောက်အသင်းက စပါးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် လည်းကောင်း၊ ဆန်းဒါးလန်းအသင်းက ဘရန့်ဖို့ဒ် အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

(NGB)